
မြတ်ငြိမ်း
ကျားတစ်အုပ်
ကြောင်တစ်ကောင်
CHARADE
PETER STONE

# အခန်း (၁)

နော်မန်ဒီ ကမ်းခြေရှိ ထရူးဗေးလ်မြို့ကလေးတွင် သီတင်းနှစ်ပတ်တိတိ သွားရောက်အပန်းဖြေခဲ့ရသဖြင့် ရယ်ဂျီနာလင်းဘတ်၏ အသားတွေ ညိုမှောင်လာသည် ။ ဆံပင်တွေ အရောင်ဖျော့လာသည် ။ အချိုးအစားကျလှသော သူ့ကိုခန္ဓာကိုယ်အစိတ်အပိုင်းများ သည် ခြောက်ပေါင်တိတိ ပိုလေးလာသည် ။ နောက်ပြီး သူ့ယောက်ျားကိုကွာရှင်းဖို့ ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်လာသည် ။

ခုတော့ စီစဉ်စရာရှိတာတွေကို စီစဉ်ဖို့ သူ့နေအိမ်ရှိရာ ပါရီသို့ ပြန်လာသည် ။ သူ လက်ထပ်တုန်းကတော့ ကသောကမျော လက်ထပ်ခဲ့ရသဖြင့် ကြိုတင်စီစဉ်မှုတွေ ဘာမျှမလုပ်ခဲ့ရ။ ခု ကွာရှင်းဖို့ ကိစ္စကျမှ ပဲ ကြိုတင်စီစဉ်မှုတွေ လုပ်ရတော့သည် ။ သူ့ကို နှစ်ယောက်စီး ပင်ဟတ်ပြိုင်ကားဖြင့် လိုက်ပို့သူမှာ သူ့ငယ်ချင်း ဆီလ်ဗီ။ ဆီလ်ဗီ၏ သားငယ် ယွန်းလူဝီက သူတို့ နှစ်ယောက်ကြားမှာ ကျဉ်းကျဉ်းကျပ်ကျပ်ထိုင်လျက်။ ယွန်းက ဆယ့်နှစ်နှစ်သားအရွယ်။ သူက သူ့မေမေနှင့် ဒေါ်လေးရယ်ဂျီတို့ ပြောလာသည့် စကားများကို လုံးစေ့ပတ်စေ့ နားမလည်သည့် တိုင် မေမေ့မျက်နှာကြည့်လိုက်၊ ဒေါ်လေးမျက် နှာကြည့်လိုက်ဖြင့် နားထောင်လိုက်လာသည် ။ ပြီးတော့ သူ့မေမေ ဂီယာပြောင်းထိုးတိုင်း လွတ်အောင် ရှောင်ပေးရခြင်းဖြင့် အလုပ်ရှုပ်နေသည် ။

ရယ်ဂျီနာက ပြင်သစ်သူမဟုတ်။ အမေရိကန်မျိုးရိုးမှ ဆင်းသက်လာသူ။ သို့သော် ရယ်ဂျီနာက မွေးရပ်မြေမီချီဂန်ကို စွန့်ခွာပြီး ပြင်သစ်တွင် လာရောက်နေထိုင်ခဲ့သည် ။ ပြင်သစ်ဘာသာစကားကို စိတ်ဝင်စားခဲ့သည် ။ သို့ဖြင့် ပြင်သစ်သို့ရောက်ပြီး ဆယ့်ရှစ်လအတွင်း ပြင်သစ်ဘာသာစကားကို ကောင်းကောင်း ရေးနိုင်၊ ဖတ်နိုင် ပြောနိုင်ခဲ့၏။ ထို့ကြောင့် လည်း သည် တိုင်းပြည်သို့ရောက်ပြီး သုံးနှစ်အတွင်း ယူနက်စကို ကမ္ဘာ့ဌာနချုပ်တွင် ဘာသာပြန်အလုပ်ကိုရခဲ့၏။ သူ့အလုပ်မှာ အစည်းအဝေးခန်းမကို စီးမြင်နေရသည့် မှန်လုံခန်းလေးထဲမှာ နေပြီး အင်္ဂလိပ်လိုပြောသော မိန့်ခွန်းများကို ပြင်သစ် ဘာသာဖြင့် ချက်ချင်းဘာသာပြန်ပြောပေးရသည် ။ ထိုလုပ်ငန်းခွင်တွင် ဆီလ်ဗီနှင့် တွေ့ဆုံသိကျွမ်းခဲ့ရခြင်း ဖြစ်၏။ ဆီလ်ဗီက ပြင်သစ်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးရသူ။

ရယ်ဂျီနာသည် ယူနက်စကိုတွင် လုပ်သက်ငါးနှစ်ရခါနီးမှ ချားလ်လန်းဘတ်နှင့် တွေ့ဆုံခဲ့သည် ။ ချားလ်လန်းဘတ်နှင့် လက်ထပ်ဖို့ အလုပ်မှ ထွက်ချိန်တွင် ရယ်ဂျီနာ့အသက်မှာ နှစ်ဆယ့်ခုနစ်နှစ်။ ယခု ပင်လယ်ကမ်းခြေတွင် သီတင်းနှစ်ပတ်နေထိုင်ပြီး ပါရီသို့ပြန်လာတော့လည်း သူ့အသက်မှာ နှစ်ဆယ့်ခုနစ်နှစ်ပဲရှိသေးသည် ။

ကလေးငယ်တစ်ယောက်လို အရာရာတိုင်းကို စိတ်ဝင်စားတတ်သော ရယ်ဂျီနာသည် ပါရီသို့ ပြန်လာရသဖြင့် ကြည်နူးနေသည် ။ မေလ၏ တနင်္ဂနွေနေ့ နံနက်ခင်းက သာယာလွန်းသဖြင့် ကြည်နူးနေသည် ။ အမှတ် ၁၃ အဝေးပြေးလမ်းမကြီး တစ်ဖက်တစ်ချက်ရှိ လယ်ကွင်းတွေ၏

ပသာဒကို နော်မန်ဒီ န္တားအုပ်များက အလှဆင်ထားသည် ကိုကြည့်ပြီး ကြည်နူးနေသည် ။ ဆီဇာဘုရင်ကြီးဖောက်ခဲ့သော ရှည်လျားဖြောင့်တန်းလှသည့် လမ်းမကြီး၏ လမ်းဘေးတစ်ဖက်တစ်ချက်တွင် နပိုလီယံဘုရင်ကြီး စိုက် ခဲ့သည့် ပေါ်ပလာပင်အိုကြီးများကိုကြည့်ပြီး ကြည်နူးနေသည် ။ အမိုးဖွင့်ကားလေးထဲသို့ စွေစောင်းကျဆင်းနေသော နေခြည်ထွေးထွေးက သူ့မျက်နှာ၊ သူ့လက်များကို နွေးထွေးနေစေသဖြင့် ကြည်နူးနေသည် ။ ထိုထိုသော အရာတွေအားလုံးထက် ချားလ်နှင့် ကွာရှင်းဖို့ ကိစ္စကို ယတိပြတ်ဆုံးဖြတ်နိုင်ခဲ့သဖြင့် ပိုပြီးကြည်နူးနေသည် ။

"ဒီအချိန် ဒီသမယမျိုးမှာ မင်းဘယ်လိုလုပ်ပြီး မြူးနေနိုင်ရတာလဲ ရယ်ဂျီ"

ဆီလ်ဗီက သူ့ကိုမေးသည် ။

"ဘာဖြစ်လို့ ဆို ကိုယ်ပျော်နေလို့ ပေ့ါကွယ်"

"စိတ်မရှိနဲ့ နော်၊ ကိုယ်မေးမယ်။ ဒါနဲ့ မင်းမပျော်ဘူးဆို"

"အိမ်ထောင်စုကြီးတစ်ခု ပြိုကွဲသွားတဲ့ ပုံစံမျိုး မပြောစမ်းပါနဲ့ ဆီလ်ဗီရယ်။ ကိုယ် အိမ်မှာ မရှိတော့ဘူးဆိုတာ ကိုယ့်ပါးစပ်က ထုတ်မပြောမချင်း ချားလ်က သိမှာ မဟုတ်ပါဘူး"

"သူက မင်းကို မချစ်ဘူးလို့ ဆိုတာလား ရယ်ဂျီ"

"မချစ်ဘူး ထင်တာပဲ"

"ဒါဆို မင်းကိုသူဘာဖြစ်လို့ လက်ထပ်ခဲ့တာလဲ"

"သူ ကိုယ့်ကို လက်ထပ်တာမှ မဟုတ်ဘဲ။ သူက ကိုယ့်ကို

တော်ကောက်ခဲ့တာကွ။ သူ့အိမ်မှာ ရှိတဲ့ တခြားပစ္စည်းတွေလိုပေါ့”

“ဒါဆို မင်းကရော သူ့ကို ဘာဖြစ်လို့ လက်ထပ်ခဲ့လဲ”

“ကိုယ်က စိတ်မရှည်တော့ဘူးလေ။ ကိုယ့်အသက် နှစ်ဆယ့်ခုနစ်နှစ်ရှိတဲ့ တိုင် ကိုယ့်ကိုလက်ထပ်ဖို့ ဘယ်သူကမှ မပြောခဲ့ဘူးကွ။ ဒီတော့ ချားလ်က ကိုယ့်ကို လက်ထပ်ခွင့်တောင်းတာနဲ့ တစ်ပြိုင်တည်း ကိုယ်လည်း ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်တာပဲ”

“ဒါဆို မင်းကိုလာကမ်းလှမ်းတဲ့ လူ ဘယ်သူကိုမဆို လက်ထပ်မှာ ပဲလို့ ဆိုလိုတာလား”

ဆီလ်ဗီ အံ့သြသံစွက်လျက် မေး၏။

“ချားလ်က တွေ့ကရာလူမှ မဟုတ်ဘဲ ဆီလ်ဗီရဲ့ ။ ချားလ်က ချောတယ်။ ရွှင်တယ်။ နောက်ပြီး . . .ချမ်းသာတယ်။ နောက်ပြီး လျှို့ဝှက်ဆန်းကြယ်တယ်။ တကယ်တမ်းပြောရရင် တော်တော်ကြီးကို လျှို့ဝှက်ဆန်းကြယ်တာကွ။ အဲဒါဟာ ပြဿနာပေါ့။ သူနဲ့ ကိုယ်နဲ့ လက်ထပ်ခဲ့တာ ခုနစ်လရှိသွားပြီ။ ဒါပေမဲ့ သူ့အကြောင်းကို ခုထိ စတွေ့စတုန်းကထက် ပိုပြီး ကိုယ်ဘာမှ မသိသေးဘူး”

“မင်း နည်းနည်းတော့ စိတ်ရှည်ရမှာ ပေါ့”

“စိတ်ရှည်ရမယ် ဟုတ်လား။ သူဘယ်ဇာတိလဲ၊ သူဘယ်တွေမှာ နေခဲ့လဲ၊ သူ့မိတ်ဆွေအပေါင်းအသင်းတွေ ဘယ်သူလဲ၊ သူ့မိသားစုတွေက ဘယ်မှာ နေသလဲ၊ သူ့မှာ အိမ်ထောင်ရှိခဲ့ဖူးသလားဆို တာတွေ ကိုယ်ဘာမှ မသိရဘူး။ ကိုယ့်ကို ဘာဆိုဘာမှ ပြောမပြဘူးလေ။ ဒီတော့ မင်းဆိုရင်ရော ဘယ်လောက်ထိ စိတ်ရှည်ရှည်သည်းခံနိုင်မှာ လဲ။ သူလက်ရှိဘာတွေလုပ်နေတယ်

ဆိုတာတောင် ကိုယ်မသိရဘူးလေ”

“မင်းကလဲကွယ်၊ မင်းသိပါတယ်။ သူက အနုပညာပစ္စည်းအရောင်းအဝယ်သမား မဟုတ်လား”

“ဆိုင်ခန်းမရှိတဲ့ အရောင်းအဝယ်သမားလေ။ ရုံးခန်းတောင် မရှိဘူး။ ဟုတ်တော့ ဟုတ်ပါတယ်၊ သူက ပစ္စည်းတွေတော့ အမြဲဝယ်နေတာပဲ။ ဒါပေမဲ့ အဲဒီပစ္စည်းတွေကို လာကြည့်တဲ့ လူလည်း တစ်ယောက်မှ မရှိဘူး။ ကဲ ဘယ်လိုပါမွား အရောင်းအဝယ်သမားမျိုးလဲကွယ်၊ နောက်ပြီး ဒီပစ္စည်းတွေဝယ်ဖို့ ငွေတွေ ဘယ်ကရမှန်းလည်း မသိ”

“မေမေ၊ သားသိတယ်”

ယွန်းလူဝီ ပြင်သစ်စကားဖြင့် ဝင်ပြောသည် ။

“သားသား အင်္ဂလိပ်လို ပြောရမယ်လေ”

“ဘာဖြစ်လို့ လဲ မေမေရဲ့ ၊ ဒေါ်လေးရယ်ဂျီ နားလည်သားပဲ”

“မေမေပြောတာ ဒေါ်လေးရယ်ဂျီအတွက် မဟုတ်ဘူး လေ၊ သားသားအတွက်ပြောတာ”

ဆီလ်ဗီ ပြောပြီး သူ့သား၏ နှာခေါင်းကို လှမ်းနမ်းသည် ။ သည်တော့ သူတို့ သုံးယောက်စလုံး မရဏရွာမှာ စံမြန်းရတော့မလိုဖြစ်သွားသည် ။

“မေမေ . . .သတိထား”

ယွန်းလူဝီ သတိပေးသည် ။ ပြိုင်ကားလေး၏ ညာဘက်ဘီးတွေ လမ်းမကြီးဘေးဘက်ကျသွား သည် ။ ဆီလ်ဗီက ကားကို

လမ်းမကြီးပေါ်ပြန်တင်ရင်း

"အင်္ဂလိပ်လိုပြောနော် သားသား၊ ကဲ၊ သားသားပြောချင်တာဘာလဲ"

"ဦးဦးချားလ်လုပ်တဲ့ အလုပ်ကို သားသိတယ် မေမေရဲ့ ။ သားကိုယ်တိုင်မြင်ခဲ့ရတာ"

ချာတိတ် ဝင့်ဝင့်ကြွားကြွားပြော၏။

"ဘာ"

ဆီလ်ဗီနှင့် ရယ်ဂျီနာ ပြိုင်တူလိုမေးမိ၏။

"ဦးဦးက ပလတ်စတစ်နဲ့ မော်တော်ကားရုပ်ကလေးတွေ ဆောက်တယ်လေ"

အမျိုးသမီးနှစ်ယောက် အကြည့်ချင်းဖလှယ်ပြီး ပြုံးမိကြ၏။

"မဟုတ်သေးဘူး သားသားရဲ့ ။ အဲဒါ သူ့အလုပ်မဟုတ်သေးဘူး။ အဲဒါ သူ့ဝါသနာလို့ ခေါ် တယ်။ သားသားတံဆိပ်ခေါင်းစုသလိုပေါ့"

ဆီလ်ဗီရှင်းပြသည် ။ ရယ်ဂျီနာကတော့ စိတ်ပျက်လက်ပျက် ခေါင်းယမ်းနေသည် ။

"သူ့ကိစ္စတွေ ကိုယ့်ကိုပြောပြရလောက်အောင်မှ ကိုယ့်အပေါ် အယုံအကြည်မရှိဘူးဆိုတဲ့ နောက်မှာ တော့ သူ ကိုယ့်ကို မချစ်ဘူးဆိုတာ ထင်ရှားတာပေါ့"

"ရယ်ဂျီနာ ဘေးဘက်သို့ ခဏမျှ ငေးကြည့်နေ၏။ ဆီလ်ဗီ ကားအရှိန်ကို လျှော့မချနိုင်မီအတွင်း ရွာငယ်လေးတစ်ရွာသည် သူတို့ နောက်မှာ ကျန်ခဲ့ပြီ။ နောက်ဆုံးတွင် မှ ရယ်ဂျီနာက"

"မဟုတ်သေးဘူး။ ဒီလိုပြောလို့ လည်း မဖြစ်သေးဘူးကွဲ့"

"ဘာကိုလဲ"

"ချားလ်အပေါ် အပြစ်ပုံချနေတာလေ။ သူ ကိုယ့်ကိုချစ်ချစ် မချစ်ချစ် ကိုယ်ကတော့ သူ့ကို မချစ်ဘူး"

"မင်း ဒီလောက်တောင် စိတ်မချမ်းမသာဖြစ်နေမယ်လို့ ကိုယ်နည်းနည်းလေးမှ မထင်ခဲ့ဘူး"

"ကိုယ် စိတ်ချမ်းမသာဖြစ်နေတာ မဟုတ်ပါဘူး။ ချားလ်က ချစ်စရာကောင်းတဲ့ လူတစ်ယောက်ပါ။ ကိုယ်လည်း သူ့ကို တော်တော်လေး ခင်မင်တွယ်တာပါတယ်။ ကိုယ်တို့ နှစ်ယောက် အိမ်ထောင်ပြုခဲ့တဲ့ အတွက် ကိုယ်တစ်စက်ကလေးမှ နောင်တမရမိဘူး။ ဒါပေမဲ့ ဘာတတ်နိုင်မှာ လဲ ဆီလ်ဗီ။ ကိုယ် သူ့ကိုမချစ်ဘူး။ ကိုယ် သူ့ကိုချစ်နိုင်ရင်ကောင်းမှာ ။ ချစ်ဖို့ လည်း ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ချစ်မလာတာတော့ မတတ်နိုင်ဘူးလေ။ တကယ်လို့ ကိုယ်သာ ခုထက် ဆယ့်ငါးနှစ်လောက် ပိုပြီးအသက်ကြီးနေမယ် ဆိုရင်တော့ သူ့ကို ကျားပိန်တွယ် တွယ်ကပ်နေမိမလားမသိဘူး။ ဒါပေမဲ့ ကိုယ့်အသက်က အခုမှ နှစ်ဆယ့်ခုနစ်နှစ်ရှိသေးတာ။ နှစ်ဆယ့်ရှစ်နှစ်ဆိုရင် နှစ်ဆယ့်ခုနစ်နဲ့ ဘာဆို ဘာမှ မဆိုင်တော့ဘူး။ နှစ်ဆယ့်ကိုးတို့ ၊ သုံးဆယ်တို့ ဆိုတာ စကားထဲထည့်မပြောနဲ့ ။ ဒီတော့ အရွယ်ကောင်းတုန်းရှိ သေးတဲ့ ကိုယ့်အတွက် သူရှိနေတာအမှန်ပဲ။ တစ်နေရာရာမှာ ရှိကိုရှိရမယ်"

"ဘယ်သူလဲဟဲ့"

"မသိဘူးလေ။ သူပေါ့။ ကိုယ်ချားလ်နဲ့ ဆက်ပေါင်းနေရင် သူနဲ့ ဆုံ ဆ ည်း ရ မှာ မဟုတ်တော့ဘူး။ ဒီတော့ ကိုယ့်ဘက်ကပြင်ဆင်ထားရမယ်။ ဒါပဲရှိတယ်လေ။ ဒါကြောင့် ချားလ်နဲ့

ဝေးရာမှ လာပြီး ခေါင်းအေးအေးနဲ့ သေသေချာချာ စဉ်းစားခဲ့တာ။ ခုတော့ စိတ်ဆုံးဖြတ်ပြီးပြီ။ ကိုယ် သူ့ကို ပြောပြလိုက်တော့မယ်”

“မင်းဘယ်လိုပြောမလဲ”

“ဘယ်လိုပြောရမှန်း မသိသေးဘူး။ ဒါပေမဲ့ သူ့ကို ကိုယ်မချစ်တာတော့ ကိုယ့်အပြစ် မဟုတ်ဘူး လေ။ ဒီတော့ ကိုယ်ချစ်တဲ့ သူလိုက်ရှာဖို့ တော့ ကိုယ့်မှာ အခွင့်အရေးရှိတယ် ထင်ပါတယ်။ မရှိဘူးလားကွယ်”

ဆီလ်ဗီ ခဏမျှ စဉ်းစားနေ၏။

“ဟုတ်တယ်၊ မင်းမှာ အခွင့်အရေးရှိတယ်”

“ဒါဆိုပြီးပြီပေါ့။ သူ့ကို ဒီနေ့ပဲပြောလိုက်တော့မယ်”

“ပြီးတော့ ဘယ်လိုလုပ်မလဲ”

ရယ်ဂျီနာ တစ်ချက်ကလေးမျှ မျက်နှာမပျက်။

“ကိုယ့်အလုပ်ဟောင်း ပြန်ရဖို့ အခွင့်သာနိုင်မလား”

“သူတို့ ကတော့ မင်းအကြောင်း တစ်ချိန်လုံး ပြောနေကြတာပဲ။ သူတို့ အလုပ်ခန့်ဖူးသမျှထဲမှာ မင်းဟာအတော်ဆုံးဘာသာပြန်သမားလို့ တမ်းတမ်းတတ ပြောနေကြတယ်လေ။ ကိုယ် သူတို့ ကို ပြောကြည့်မယ်လေ”

“မင်းဟာ တကယ့်အသည်းဖြူမလေးပဲ။ သိလား ဆီလ်ဗီ”

ရယ်ဂျီနာ ဝမ်းပန်းတသာပြောပြီး သူ့ သူငယ်ချင်းကို လှမ်းဖက်သည် ။ သူတို့ နှစ်ယောက်ကြားမှာ ယွန်းလူဝီမှာ ပြားညပ်လျက်။

ကျန်ခရီးတစ်လျှောက်လုံး ဘာမျှထူးထူးခြားခြားမရှိ။ မန်တေးမြို့

ဆင်ခြေဖုံးတွင် သုံးယောက်စလုံး ဧဝိန်ကြွေမလို တစ်ချက်ပဲဖြစ်သည် ။ လမ်းကွေး တစ်ကွေးကို အရှိန်ဖြင့် ကွေ့အချတွင် လမ်းဘေးတွင် ရပ်ထားသည့် အနက်နှင့် အဖြူကျား ရေးနော့ရဲကားလေးနှင့် သီသီလေး လွတ်သွားသည် ။ ရဲကားလေး ရပ်ထားသည့် နေရာနားတွင် ကားလမ်းကိုဖြတ်ဖောက်ထားသည့် မီးရထားလမ်းလည်း ရှိသည် ။ ဆီလ်ဗီ က သူ့ကားလေးကို ကမန်းကတန်း အရှိန်လျှော့ချလိုက်ရင်း တဒိန်းဒိန်းခုန်နေသည့် ရင်ကို ငြိမ်အောင် ကြိုးစား၏။ သူ့သားငယ်သည် ဘယ်လောက် အထိတ်တလန့်ဖြစ်သွားသည် ကို သိရအောင်လည်း လှည့်ကြည့်၏။ ကောင်လေးက ရှေ့တည့်တည့်ကို စိုက်ကြည့်နေသည် ။

"ကားတိုက်ပြီ"

"ဘာမှ မဖြစ်ပါဘူး သားသားရဲ့ "

"ဟုတ်တယ်၊ ဟိုမှာ ကြည့်"

ယွန်းလူဝီ လက်ညှိုးထိုးပြသည် ။

လမ်းနှင့် ကိုက်ငါးဆယ်လောက်အကွာတွင် လူတစ်စု။ ထိုအထဲတွင် ယူနီဖောင်းဝတ်ရဲဘော်တွေလည်း ပါသည် ။ သူတို့ က မီးရထားလမ်းဘေးတွင် ဝတ်ထူစဖြင့်ဖုံးထားသည့် အရာတစ်ခုကို ဝိုင်း ကြည့်နေကြသည် ။

"သား ကြည့်ချင်တယ်မေမေ၊ သားလည်း ကြည့်ချင်တယ်"

ယွန်းလူဝီ နားပူ၏။ ဆီလ်ဗီက ကားလေးကို ဂီယာတစ်ချက်ထိုးကာ အရှိန်ဖြင့်မောင်းထွက်ခဲ့၏။

"ဘာမှ ကြည့်စရာမရှိပါဘူး သားသားရယ်"

“ရှိပါတယ် မေမေရဲ့၊ လဲနေတာ လူတစ်ယောက်ပါ”

“အဲဒီလူနာ အဖော်တွေတိုးတော့မလို့ တော်ပါသေးရဲ့ ”

ရယ်ဂျီနာဝင်ပြော၏။ ရဲကားနှင့် တိုက်ပြီး မိမိတို့ ပါ သေမည့် ဘေးမှ သီသီကလေး လွတ်ခဲ့ရသည့် အတွက် ရယ်ဂျီနာ ရင်ခုန်မပျောက်သေး။

* * *

# အခန်း (၂)

ပါရီမြို့တွင် သစ်ပင်များ စီတန်းစိုက်ပျိုးထားသည့် ရိပ်သာလမ်းမကြီး ဆယ့်နှစ်လမ်းရှိ၏။ ထိုအထဲတွင် ဖို့ရှ်ရိပ်သာလမ်းမကြီးက ကျယ်ပြောသည် ။ လမ်းလျှောက်လို့ အလွန်ကောင်းသည် ။ မော်တော်ကားမောင်းသူ၊ ဆိုင်ကယ်စီးသူ၊ ခြေလျင်လျှောက်သူ စသော ပါရီမြို့သားတိုင်း သည် လမ်းမကြီးကို ယဉ်ပါးပြီးသား။

မြို့နေလူဦးရေ ခြောက်သန်းခွဲခန့်သည် ဖို့ ရှ်ရိပ်သာလမ်း၏ ဆယ်မိုင်ဝန်းကျင်အတွင်း နေထိုင်ကြ၏။ သူတို့ အားလုံး နေရာကျဉ်းကျပ်မှုဒဏ်ကို ခံစားကြရသည် ။ ဖို့ရှ်ရိပ်သာလမ်းတစ်လမ်းမှာ သာ လူနေအိမ်ကျဲသည့် အရာကို ခံစားခွင့်ရကြသည် ။ သည် လမ်းမကြီးပေါ်တွင် ဆောက်ထားသည့် အိမ်ကြီး ရခိုင်များမှာ အထက်တစ်ထပ်လျှင် မိသားစုတစ်စု ခမ်းနားထည်ဝါစွာ နေလို့ ရသည့် အိမ်ကြီးများ ချည်း ဖြစ်၏။ အဆိုပါ အထပ်အသီးသီးတွင် နေထိုင်သူများမှာ ပြင်သစ်လူမျိုး ဘဏ်လုပ်ငန်းရှင်တွေ၊ ဘယ်လ်ဂျီယံလူမျိုး စက်မှုလုပ်ငန်းရှင်တွေ၊ အမေရိကန်လူမျိုး ဥပဒေပညာရှင်တွေ၊ အီတာလျံလူမျိုး ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်တွေ၊ ရုရှားလူမျိုး သံတမန်တွေ၊ ဆွစ်လူမျိုး စက်ရုံပိုင်ရှင်တွေ အခြားနေထိုင်သူများမှာ လူတန်းစားတစ်ရပ်အဖြစ် သတ်မှတ်ရခက်သည့် နန်းကျဘုရင်တစ်ပါး၊ ဘာသာရေးခေါင်း

ဆောင်တစ်ဦး၊ ထိပေါက်လာသည့် အိုင်းရစ်လူမျိုးတစ်ဦးနှင့် ချားလ်လန်းဘတ်တို့ သာရှိ၏။

ပင်ဟတ်ပြိုင်ကားလေးသည် ဖို့ ရှိရိပ်သာ လမ်းမကြီးပေါ်တွင် ရပ်လိုက်၏။ မစ္စစ်ချားလ်လန်းဘတ်က ကားတံခါးဖွင့်ပြီး သူ၏ ရှည်လျားသော ခြေနှစ်ချောင်းကို ကားထဲမှ ထုတ်လိုက်သည် ။

"ကိုယ် ဆိုရင်တော့ ဒီလမ်းပေါ်က ဒီအိမ်မျိုးကို ဒီလောက်လွယ်လွယ်လေးနဲ့ စွန့်ပစ်ခဲ့မှာ မဟုတ်ဘူး ရယ်ဂျီ"

ဆီလ်ဗီက ခမ်းနားထည်ဝါလှသည့် အိမ်ကြီးကို ရှေ့မှန်ထဲမှ လှမ်းကြည့်ရင်း မှတ်ချက်ချ၏။

"ဘာပဲဖြစ်ဖြစ် ကိုယ်ကမစွန့်ပစ်လည်း တစ်နေ့မဟုတ်တစ်နေ့ ကိုယ့်ကို အထုတ်ခံရမှာ ပါကွယ်"

ရယ်ဂျီနာပြောရင်း သူ့လက်ဆွဲအိတ်နှစ်လုံးကို လှမ်းယူသည် ။

"ကိုယ် ကူသယ်ပေးရမလား"

ရယ်ဂျီနာ ခေါင်းခါပြလျက်

"ကြာသပတေးနေ့ နေ့လယ်စာနော်"

"အင်းပါ။ ကံကောင်းပါစေရယ်ဂျီ။ ကိုယ်တကယ်ပြောတာပါ"

အိတ်နှစ်လုံးကို ညာဘက်လက်ဖြင့် ပူးကိုင်ပြီး ဘယ်လက်ဖြင့် ကြေးခလုတ်ကလေးကို နှိပ်လိုက်တော့ ထူထဲခိုင်ခံ့သော အိမ်ရှေ့တံခါးမကြီး ပွင့်သွားသည် ။ သူက အိမ်ထဲဝင်ပြီး တံခါးကို တင်ပါးဖြင့်တွန်းပြီး ပိတ်သည် ။ ခပ်မှောင်မှောင် အိမ်ရှေ့ခန်းမကြီးကို ဖြတ်လျှောက်သည် ။ သူစီးလာသည့် သားရေညှပ်ဖိနပ်က

ကျောက်ပြားခင်းကြမ်းပြင်ပေါ်တွင် တဖျပ်ဖျပ်မြည်လျက် နံရံကပ်မီးခလုတ်တစ်ခုကိုစမ်းပြီး ဖွင့်လိုက်၏။ သည် မီးလုံးက ချိန်ကိုက်မီးလုံး။ မီးဖွင့်သူ ဆက်လျှောက်သွားပြီး လှေကားတစ်ဝက်ကျော်လောက်ရောက်ချိန်တန်လျှင် အလိုအလျောက် ပြန်မှိတ်သွားသည့် မီးလုံး။ ရယ်ဂျီနာက ဓာတ်လှေကားတံခါးကိုဖွင့်သည် ။ လူနှစ်ယောက်စီး ဓာတ်လှေကားခန်းလေးထဲသို့ အိတ်နှစ်လုံးဆွဲပြီး ဘေးစောင်းဝင်သည် ။ ဓာတ်လှေကားထဲမှ ခလုတ်ကိုနှိပ်ပြီး ဓာတ်လှေကားအတက်ကို စောင့်၏။ ဓာတ် လှေကားက မတက်၊ ခလုတ်ကို ထပ်နှိပ်သည် ။ ထို့နောက် ရှိသမျှခလုတ်တွေ အကုန်လျှောက်နှိပ်သည် ဓာတ်လှေကားသည် တက်ဖို့ နေနေသာသာ လှုပ်ဖော်ပင်မရ။

ရယ်ဂျီနာဓာတ်လှေကားကို ခပ်တင်းတင်းပင် ကျောခိုင်းခဲ့၏။ လှေကားမှ ခြေကျင်တက်သည် ။ လှေကား နှစ်ဆစ်ချိုးပြီးတော့ တံခါးတစ်ပေါက်ရှေ့တွင် ရပ်သည် ။ ဝန်ထုပ်ဝန်ပိုးများကို ကြမ်းပေါ်ချသည် ။ ပြီးတော့ လူခေါ်ခေါင်းလောင်းကိုနှိပ်သည် ။ ဘယ်သူမျှ တံခါးလာဖွင့်မပေး။ သည် နေ့ အိမ်ဖော် အမျိုးသမီး နားရက်ထင်ပါရဲ့ ဟု တွေးကာ အခန်းသော့ကိုထုတ်ပြီးဖွင့်သည် ။ အခန်းထဲဝင်ခဲ့သည် ။

သူ ချက်ချင်း သတိထားမိလိုက်၏။ တစ်ခုခုတော့ ဖြစ်ပြီ။ ဘာဖြစ်မှန်းမသိ။ ခဏနေမှ ဘာဖြစ်နေသည် ကို သိမြင်လိုက်၏။ သိမြင်လိုက်သည် နှင့် မျက်လုံးပြူးသွားသည် ။ မယုံကြည်နိုင်စွာ စိုက်ကြည့်နေမိသည် ။

တစ်ခန်းလုံး ပြောင်သလင်းခါနေပြီ။

အိမ်ထောင်ပရိဘောဂတွေမရှိတော့။ ကော်ဇောတွေမရှိတော့။ နံ ရံ တွေ ပေါ် မှာ ဘာမှ မရှိတော့။ ရယ်ဂျီနာ မျက်တောင်တွေ ပုတ်ခတ်ပုတ်ခတ်လုပ်ကြည့်သည် ။ ပျောက်ဆုံးနေသော ပစ္စည်းတွေများ သူ့နေရာသူ ပြန်ရောက်လာမလားအထင်ဖြင့်။ ပစ္စည်းတွေက ပြန်ရောက်မလာ။

အတွေးတစ်ခုကြောင့် ချက်ချင်း စိတ်ထဲပေါ့သွားသည် ။ အဖြေက ရှင်းရှင်းကလေးပင်။ မိမိသည် လှေကားမှ တက်နေကျမဟုတ်။ သည် တော့ အထင်မှားပြီး အခြားအခန်းတစ်ခန်းကို ဖွင့်မိတာဖြစ်မည်။ မိမိအမှားကြောင့် အထိတ်တလန့်ဖြစ်ရသည် ကို ရှက်ကိုးရှက်ကန်းပြုံးမိကာ အခန်းထဲမှ ပြန်ထွက်ခဲ့၏။ မိမိ၏ ကြောင်တောင်တောင်အပြုအမူကို ဘယ်သူများ မြင်သွားသေးလဲဟု ဘေးဘီဝန်းကျင်ကို ကြည့်ရသေးသည် ။

သို့သော် သူ့လက်ဆွဲအိတ်ကို ကောက်ကိုင်လိုက်ချိန်တွင် ချိန်ကိုက်မီးက မှိ တ်သွားသည် ။ ဝန်းကျင်တစ်ခုလုံး မှောင်နှင့် မည်းမည်းဖြစ်သွားသည် ။ အိတ်တွေပြန်ချရသည် ။ တံခါးပေါက်နံဘေး နံရံပေါ်တွင် တပ်ထားလေ့ရှိသည့် မီးခလုတ်ကို စမ်းပြီးဖွင့်သည် ။ မီးဖွင့်လိုက်သောအခါ တံခါးဘောင်တွင် ချိတ်ထားသည့် ကြေးဆိုင်းဘိုင်ကလေးသည် သူ့မျက်စိရှေ့တည့်တည့်တွင် ရောက်နေ၏။ ဆိုင်းဘုတ် ကလေးကိုကြည့်ပြီး ရယ်ဂျီ မူးနောက်နောက်ပင်ဖြစ်သွားမိ၏။

ဆိုင်းဘုတ်ပေါ်တွင် ထွင်းထားသည့် စာတန်းမှာ မစ္စတာနှင့် မစ္စစ်ချားလ်လန်းဘတ်။

ရယ်ဂျီနာ ဖြည်းလေးစွာ အခန်းထဲပြန်ဝင်သည် ။ အိပ်မက်ထဲ

လမ်းလျှောက်နေသည့် ခြေလှမ်းမျိုးဖြင့်။

"ချားလ်"

သူခေါ်သံသည် ရှင်းပြောင်နေသော နံရံများကိုရိုက်ခတ်ပြီး သူ့ဆီပြန်လာသည် ။ ဖြေသံကား မကြားရ။

နောက်တစ်ခါ ထပ်ခေါ်သည် ။ သည် တစ်ခါတော့ အိမ်ဖော်အမျိုးသမီးကို ခေါ်ကြည့်သည် ။

တိတ်ဆိတ်မြဲ။ အခန်းထဲမှာ ဘယ်သူမျှမရှိ။ ဘာမျှလည်း မရှိ။

ရယ်ဂျီနာ တွန့်ဆုတ် တွန့်ဆုတ်ဖြင့် ဧည့်ခန်းဆီသွားသည် ။ တံခါးဖွင့်ကြည့်သည် ။ သည် အခန်း ထဲမှာ လည်း ဘာဆိုဘာမှ မရှိတော့။ ဟာလာဟင်းလင်း။ နံရံပေါ်၊ ပန်းချီကားများ ချိတ်ဆွဲထားသည့် နေရာများ တွင် လေးထောင့်အကွက်ကြီးတွေ အထင်းသား။

ခုတော့ စိုးရိမ်ပူပန်မှုတွေ ဖိစီး လာပြီ။ သူ့လှုပ်ရှားမှုတွေ သွက်လက်လာ၏။ ပစ္စည်းတွေမပျောက်ဆုံးမီ မိမိကများ အခြေတစ်လှမ်းစာ နှစ်လှမ်းစာစောပြီး အုပ်မိမလား ဟူသော အတွေးဖြင့်။ အိပ်ခန်းထဲဝင်လိုက်သည် ။ ပြီးတော့ အဝတ်အစားလဲခန်းထဲ ဆက်ဝင်သည် ။ ပရိဘောဂပစ္စည်းတွေမရှိတာကိုတော့ အံ့သြခြင်းမဖြစ်တော့။ အဝတ်ဗီရိုတစ်လုံး ကျန်နေသေးသည် ။ တံခါးဆွဲဖွင့်လိုက်၏။ သူ့ အဝတ်အစားတွေ . . . ဂါဝန်တွေ၊ သားမွေးခြုံထည်တွေ၊ ဝတ်စုံတွေ၊ ကုတ်အင်္ကျီတွေ၊ ဖိနပ်တွေ၊ ဦးထုပ်တွေ . . . ဘာတစ်ခုမျှမရှိတော့။

ကြံရာမရဖြင့် နံရံကပ်ဗီရိုကြီးဘက် လှည့်လိုက်၏။

အံဆွဲတွေဆွဲထုတ်သည် ။ အားလုံးဟောင်းလောင်း။ သူ့လက်ဝတ်လက်စားတွေ၊ ဘလောက်စ်အင်္ကျီတွေ၊ ဆွယ်တာတွေ၊ ကုန်ကုန်ပြောရလျှင် အတွင်းခံဘောင်းဘီတွေ အားလုံး ပျောက်ဆုံးနေသည် ။

ရယ်ဂျီနာ ရင်တွေတဒိန်းဒိန်းခုန်နေသည် ။ နားတွေအူလာသည် ။ အဝတ်လဲခန်းထဲမှ တစ်ဟု န်ထိုးပြေးထွက်ခဲ့၏။ မိမိကိုယ်မိမိ ပြေးနေမိမှန်းလည်း မသိ။ ခဏနေမှ စာကြည့်ခန်းထဲ ရောက်နေမှန်းသိသည် ။ စာအုပ်တွေမရှိတော့သည့် စာအုပ်စင်များက နံရံလေးဘက်လေးတန်ပေါ်မှ နေပြီး သူ့ကို ပါးစပ်အဟောင်းသား ငုံ့ကြည့်နေကြသည် ။ ရယ်ဂျီနာ ယခင်က တစ်ခါမျှမူးမေ့မလဲခဲ့စဖူး။ သို့သော် ခုတော့ မူးမေ့လဲမည့် လက္ခဏာတွေ ပြနေပြီ။ သူ့မျက်စိထဲတွင် စိမ်း၊ ဝါ၊ နီ၊ ပြာ အလင်းတန်းလေးတွေ ယိမ်းထိုးနေ၏။ ခေါင်းထဲ စူးစူးဝါးဝါး ထိုးကိုက်လာ၏။ နားထဲမှ လေတွေ တဝီဝီထွက်နေ၏။ တစ်စုံတစ်ခုကို လှမ်းတွယ်ထားဖို့ မမြင်ဝိုးဝါးလှမ်းကိုင်သည် ။ သို့သော် ကိုင်စရာမရှိ။ တွယ်စရာမရှိ။ ဘာဆိုဘာမျှမရှိ။

နောက်တော့ သူ့ဒူးတွေညွတ်ခွေကျသွားသည် ။ ထိုအခိုက်မှာ ပင် တစ်စုံတစ်ခုကို လှမ်းမြင်လိုက်၏။ ယုတ်စွအဆုံး တစ်စုံတစ်ခုကိုတော့မြင်ရ၊ တွေ့ရပြီ။ အခန်းထောင့်ကြမ်းပြင်ပေါ်မှာ ။ ဧရာမအ ခန်းကြီးတစ်ခန်းလုံးတွင် လက်ကျန်ဆိုလို့ ဒါလေးပဲကျန်ခဲ့သည် ။ ရယ်ဂျီနာပြေးသွားသည် ။ ဒူးထောက် ထိုင်လိုက်၏။ မျက်နှာကို ထိုအရာလေးနှင့် နီးကပ်အောင်ငုံ့လိုက်၏။ စူးစူးစိုက်စိုက်ကြည့်သည် ။ နောက်ဆုံး မှတ်မိသွားသည် ။ ပလတ်စတစ်မော်တော်ကားတန်းကလေး။ အစိတ်စိတ်အမြွှာမြွှာကြေမွနေပြီ။ ကလေးဆိုးတစ်ယောက်က

ရိုက်နှက်ထုခြေသွားပုံမျိုး။

ပြယ်ပျောက်သွားခြင်းမရှိသည့် သောကပရိဒေဝမီးများက ရယ်ဂျီနာကို အပှ နံ့ပြင်းစွာ လောင်မြိုက်နေပြီ။ ကြမ်းပေါ်မှ ကျုံးရုန်းထသည် ။ ရှေ့တံခါးပေါက်ဆီသို့ပြေးသည် ။ သူ့အဖို့ ကာလနှင့် ဒေသဆိုတာ မရှိတော့။ အရှိတရားဆိုတာက သူ့ကို ထိန်းချုပ်မထားနိုင်တော့။ သူပြေးနေသည် ။ ဝေးရာသို့ ပြေးနေသည် ။ ဘ ဝ တ စ် သ က် တာ မှာ ပထမဆုံးအကြိမ် ကြုံဆုံရသည့် အိပ်မက်ဆိုးကြီးနှင့် ဝေးရာသို့ အိပ်ပျော်ခြင်းအလျှင်းကင်းမဲ့စွာဖြင့် ပြေးနေသည် ။

သို့သော် အိပ်မက်ဆိုး၏ ထိတ်လန့်စရာများက သူ့ရင်မှာ တွယ်ငြိနေ၏။ သူ့ခြေထောက်တွေက ကော်ဇောတွေဟု သိမှတ်လက်ခံထားသည့် နေရာများ တွင် ပြောင်ချောအေးစက်သည့် ပါကေးပြားတွေပဲ ရှိတော့သည် ။ သူသည် သူ့ကိုယ်ခန္ဓာကိုယ်ကို ဆက်လက်ထိန်းချုပ်ထားနိုင်ခြင်းမရှိတော့။ သူသည် လေဟု နံစီးနေ၏။ လွင့်မျောနေ၏။ သူရွေးချယ်ထားခြင်းမရှိသည့် အရပ်ဒေသဆီသို့ စီးမျောပါသွား၏။ လွင့်မျောခြင်း သံသရာထဲတွင် အဆုံးအစမဲ့ ပေါလောမျောပါနေ၏။

ထို့နောက် ရပ်သွားသည် ။ သူ၏ ဘယ်ပခုံးတစ်ခုလုံး ထုံထိုင်းကိုက်ခဲနေသည် ကို ထိတ်လန့် တကြားသိလိုက်ရ၏။ သူကြမ်းပေါ်မှာ လဲနေသည် ။ သူ့အား ရပ်တန့်စေလိုက်သော နံရံတစ်ခုတွင် ကပ်လျှင်။ မိမိပြန်ထရမည်ဆိုသော အသိက ခေါင်းထဲမှာ ရှိသည် ။ ပြန်ထပြီး သည် နေရာမှ ထွက်သွားရမယ်။ ဟာလာဟင်းလင်းအခန်းကြီးကို လှည့်ပတ်ကြည့်သည် ။

ပြောင်ချောနေသည့် ကြမ်းပြင်ကိုကြည့်သည် ။ ရှင်းလင်းနေသည့် နံရံများကိုကြည့်သည် ။ သူ ဘယ်လိုနည်းနှင့် မျှ ခြေအစုံပေါ် ပြန်ရပ်နိုင်မည်မဟုတ်။ ခြေအစုံပေါ်ပြန်ရပ်နိုင်သည် ထားဦး ကိုင်စရာ၊ တွယ်စရာ အလျှင်းမရှိဘဲ တံခါးပေါက်ဆီရောက်အောင် ဘယ်လိုသွားနိုင်ပ့ါမလဲ။ ပြေးဖို့ မလွယ်။ သွားဖို့ မဖြစ်။ နေစမ်းပါဦး သည် ခေါင်းလောင်းသံ။ သည် အသံက ဘာဖြစ်လို့ များ မရပ်ရပါလိမ့်။

လူခေါ်ခေါင်းလောင်းသံ။

သည် အတွေးက သူ့မျက်နှာကို ရေစိုအဝတ်ဖြင့် ရိုက်လိုက်သလိုဖြစ်သွားသည် ။ ကျုံးထသည် ။ ဟန်ချက်ကိုကြိုးစားထိန်းပြီး အသံလာရာသို့ ပြေးသွားသည် ။

“ချားလ်၊ ကျွန်မလာနေပြီချားလ်”

အိပ်မက်ဆိုးကြီး နိဂုံးကမ္ဘတ် တစ်ခန်းရပ်သွားပြီ ဟူသောအတွေးဖြင့် ဝမ်းသာအားရ တံခါးဖွင့်ပေးလိုက်သည် ။ သူ့မျက်နှာပေါ်မှ အပြုံးသည် တစ်မုဟုတ်ချင်း ပျောက်သွား၏။

ယူနီဖောင်းဝတ်ရဲနှစ်ယောက်အနက် အရပ်မြင့်မြင့်ရဲကြီးက သူ့အား ပြုံးပြလိုက်၏။

“မဒမ်ချားလ်လန်းဘတ်ပါလား ခင်ဗျာ”

* * *

## အခန်း (၃)

ရေခဲတိုက်၏ ကြမ်းပြင် နံရံများ နှင့် မျက်နှာကြက်ကို ကျောက်ပြားအဖြူများ ဖြင့် ကပ်ထားသည် ။ အရာရှိ အက်ဒဝပ်ဂရန်းပီယာက ထူထဲသော သတ္တုတံခါးရွက်ကြီးကို ရယ်ဂျီနာဝင်သာအောင် ဖွင့်ပေးသည် ။ သူကိုယ်တိုင်ကမူ ကုတ်အင်္ကျီအိတ်ထဲမှ သိုးမွေးလည်စည်းတစ်ထည်ထုတ်ပြီး လည်ပင်းတွင် ပတ်၏။ ပြီးမှ ရယ်ဂျီနာ့နောက်သို့ ဝင်လိုက်သွားသည် ။

ရေခဲတိုက်အမှုထမ်းတစ်ဦးက သူတို့ ကိုစောင့်နေသည် ။ အမှုထမ်းက နံရံတွင် အမှတ် ၂၃ ဟု ရေးထားသော ဧရာမသတ္တုအံဆွဲကြီးကို ဆွဲထုတ်လိုက်၏။ ပြီးတော့ ဘေးဖယ်ပေးသည် ။ ဂရန်းပီယာ အံဆွဲဆီသို့သွားသည် ။ အံဆွဲထဲရှိအလောင်း၏ မျက်နှာကို ဖုံးအုပ်ထားသော ရေငွေ့ပြန်နေသည့် ပိတ်ပါးစလေးကိုလှန်ပြသည် ။ ရယ်ဂျီနာကို ရှေ့သို့တိုးလာဖို့ လက်ဟန်ပြသည် ။

ရယ်ဂျီနာ ခဏမျှ ဆုတ်ဆိုင်းနေသည် ။ သူ့မျက်လုံးများက ဖော်ရွေပျူငှာသော အရာရှိကို စိုက်ကြည့်လျက်။ ရဲအရာရှိက အရပ်ပုပု၊ ပိန်ပိန်။ အသက် လေးဆယ့်ငါးနှစ်လောက်ရှိမည်။ ဆံပင်အနီရောင်က စီးကရက်သောက်လွန်းသဖြင့် ဆေးချေးစွန်းနေသည့် လက်မပေါ်မှ နီညိုရောင်ထက် ပို၍ မရင့်။ ရှပ်အင်္ကျီကော်လာတစ်ဖက်၏ အစွန်းက ကောက်နေသည် ။

"မဒမ်"

အမျိုးသမီးကို စိတ်မရှည်နိုင်စွာခေါ်လိုက်၏။ သို့သော် သဟောက်သဟန် မဟုတ်။

ရယ်ဂျီနာ သက်ပြင်းတစ်ချက်ရှိုက်သည် ။ မိမိကြည့်လိုက်လျှင် ဘယ်သူ့ကိုမြင်ရမည်ကို သိနေသည် ။ သည် တော့ မမြင်အောင် မျက်စိတွေစုံမှိ တ်ထားမိ၏။ သို့သော် သည် လိုမမြင်ဝံ့ မမြင်သာ မြင်ကွင်းများ အကြောင်း စဉ်းစားမိသည် ။ အာရုံရိပ်ထဲ မြင်ယောင်လာသည် ။ သည် တော့ ဘာပဲဖြစ်ဖြစ် အရှိတရားကိုရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်သည် ။ မျက်စိတွေဖွင့်လိုက်၏။ တော်သေးသည် ။ မြင်တွေ့လိုက်ရသော သူ့ခင်ပွန်းသည် ၏ အလောင်းက မကြည့်ဝံ့ မရှုဝံ့လောက်အောင် ရုပ်ပျက်ဆင်းပျက်ဖြစ်မနေပေလို့ ။

မိမိ၏ အတည်ပြုချက်ကို စောင့်နေသော ဂရန်းပီယာကို သတိရသဖြင့် ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြလိုက်၏။

"သေချာရဲ့ လား မဒမ်"

နောက်တစ်ကြိမ် ခေါင်းညိတ်ပြလိုက်၏။ ဂရန်းပီယာ သူ့ကို ခဏမျှ စူးစိုက်အကဲခတ်နေသည် ။

"မျက်ရည်တွေ ဘာတွေမကျတော့ဘူးလား"

"နောက်မှ ပဲ ကျလိမ့်မယ် ထင်ပါရဲ့ "

"ခင်ဗျား သူ့ကိုချစ်ခဲ့ရဲ့ လားဟင်"

ရယ်ဂျီနာမဖြေ။

"ခင်ဗျားတို့ နှစ်ယောက် အိမ်ထောင်ကျခဲ့တာ ဘယ်လောက်ကြာပြီလဲ"

"ခုနစ်လ"

ရယ်ဂျီနာ ဆတ်ခနဲတုန်သွားသည်

ဂရန်းပီယာ ရေခဲတိုက်အမှုထမ်းကို ခေါင်းဆတ်ပြ၏။ အံဆွဲကြီးကို နံရံထဲပြန်ထိုးသွင်းလိုက်၏။ နောက်တော့ ဂရန်းပီယာ၏ ရုံးခန်းရှိရာ ရဲဌာနသို့ ရောက်သည့် တိုင် စကားတစ်ခွန်းမျှ ထပ်မပြောမိကြ။ ယခုလည်း ဂရန်းပီယာ၏ စားပွဲတွင် မျက်နှာချင်းဆိုင်ထိုင်ရင်း တစ်ယောက်ကိုတစ်ယောက် အကဲခတ်ကြည့်နေမိကြ၏။ ထို့နောက် ရယ်ဂျီနာက စမေးသည် ။

"ဘယ်လိုဖြစ်တာလဲ"

"မန်တေးမြို့နဲ့ သုံးကီလိုမီတာလောက်ဝေးတဲ့ ပါရီလေလာဗာမီးရထားလမ်းနဲ့ အဝေးပြေး လမ်းမကြီးဆုံတဲ့ နေရာ၊ မီး ရ ထား လ မ်း ဘေး မှာ ခင်ဗျားယောက်ျားရဲ့ အလောင်းကို တွေ့ကြရတယ်လေ။ အဲဒီအချိန်မှာ သူဟာ ညဝတ်အင်္ကျီနဲ့ ဘောင်းဘီပဲဝတ်ထားတယ်"

မိမိတို့ ပါရီသို့အလာတုန်းက ဆီလ်ဗီ ဝင်တိုက်မိတော့မလိုဖြစ်ခဲ့သည့် ရေးနှော့ရဲကားလေးကို ရယ်ဂျီနာသတိရ၏။ မီးရထားလမ်းနံဘေးတွင် ပိတ်ထူစဖြင့် အုပ်ထားသည့် ဝတ္ထုကိုလည်း သတိရ၏။

"မနက် ကိုးနာရီလောက်ကမဟုတ်လား"

မေးပြီးမှ မိမိမှားသွားပြီဟု နောင်တရလိုက်၏။ သည် အကြောင်း

ရှင်းပြဖို့ သိပ်လွယ်မည်မဟုတ်။ သို့ဖြင့် ထရူးဖေးလ်မြို့လေးတွင် ရက်သတ္တနှစ်ပတ် သွားနေသည့် အကြောင်း၊ သူ့သူငယ်ချင်း ဆီလ်ဗီ နှင့် သားငယ်က ပါရီသို့လိုက်ပို့သည့် အကြောင်း ချားလ်နှင့် ကွာရှင်းဖို့ ဆုံးဖြတ်ချက်ချလာခဲ့သည့် အကြောင်း၊ အပြန်ခရီး မီးရထားလမ်းနံဘေးတွင် မြင်တွေ့ခဲ့ရသည့် မြင်ကွင်းအကြောင်းတို့ ကို ရှင်းပြရသည် ။

ဂရန်းပီယာ သူ့နှာခေါင်းသူပွတ်ကာ

"ခင်ဗျားပြောတာအားလုံးကို ကျွန်တော်ယုံရမယ်ဆိုပါတော့"

"ယုံရမှာ ပဲလေ"

ရယ်ဂျီနာ ကူရာမဲ့စွာပြော၏။ ထို့နောက် တစ်ယောက်ကိုတစ်ယောက် ခဏမျှ ကြည့်နေမိကြ ၏။ ရယ်ဂျီနာက ဘာမျှလုပ်စရာမရှိသဖြင့် ပခုံးတွန့်ပြလိုက်သည် ။

ဂရန်းပီယာ ဖိုင်တစ်ခုဖွင့်ပြီး အထဲမှ စာရွက်စာတမ်းများကို လှေ့လာနေသည် ။

"သူက ဘယ်လိုဖြစ်ပြီး အဲဒီကိုရောက်နေတာလဲဟင်"

ရယ်ဂျီနာမေး၏။ ရဲအရာရှိ ဆက်ဖတ်နေသည် ။

"ဘယ်နေရာကိုပြောတာလဲ"

"သူ့ကိုတွေ့တဲ့ နေရာလေ"

"အင် ..."

ဂရန်းပီယာ ခဏမျှမော်ကြည့်၏။

"ဪ . . . သူ ရထားပေါ်က ကျခဲ့တာဗျ"

"သူက ဘယ်ကိုသွားတာလဲ"

"လေဟာဗာ"

" ရှင် သေချာရဲ့ လား"

ဂရန်းပီယာ ထိုအကြောင်းကို စဉ်းစားနေ၏။

ရထားက အဲဒီကိုသွားနေတာလေ။ သူ တစ်နေရာရာကိုသွားဖို့ အကြောင်းကိစ္စရှိလား

"ကျွန်မက ထရူဗေးလ် ရောက်နေတာရှင့်။ လေဟာဗာနဲ့ သိပ်မဝေးဘူးလေ။ သူ ကျွန်မဆီများ "

"ထရူဗေးလ်ရထားက ဟာဗာရထားထွက်ပြီး ဆယ့်နှစ်မိနစ်နေမှ ထွက်တာဗျ"

"ဪ . . ."

"အဲဒီတော့ ခင်ဗျားနောက်လိုက်လာတာတော့ မဖြစ်နိုင်ဘူး။"

"အဲဒီရထားပေါ်မှာ သူပါလာတယ်လို့ ရှင်က ဘယ်လိုလုပ်သိလဲ"

"လေဟာဗာကို သူရောက်မသွားပေမယ့် သူ့အဝတ်အစားသေတ္တာကရောက်သွားတယ်။ သူ ပြင်သစ်က ထွက်သွားချင်လောက်တဲ့ အကြောင်း ဘာများ ရှိလဲ။ ခင်ဗျားသိသလောက် ပြောပြစမ်းပါ မစ္စစ်လန်းဘတ်"

"ထွက်သွားဖို့ ဟုတ်လား။ သူ ပြင်သစ်က ထွက်သွားတယ်လို့ ရှင်က ဘာဖြစ်လို့ ထင်ရတာလဲ"

"လေဟာဗာကိုသွားတဲ့ လူအားလုံးနီးပါးဟာ အဲဒီရည်ရွယ်ချက်နဲ့ သွားကြတာချည်းပဲ မစ္စစ်လန်းဘတ်။ အဲဒီအထဲမှာ

ခင်ဗျားယောက်ျားလည်း တစ်ဦးအပါအဝင်ပေါ့။ တိတိကျကျ ထပ်ပြောရရင် သူဟာ မာရာကေဘိုကိုသွားဖို့ သင်္ဘောလက်မှတ်တစ်စောင် ဝယ်ထားတယ်။ မာရာကေဘိုကို သွားမယ့်သင်္ဘောက ဒီမနက် ၇ နာရီမှ ထွက်မှာ ”

ဂရန်းပီယာက စားပွဲပေါ်ရှိ ကုန်လုနီးပါးစီးကရက်ဘူးကိုတွန်းပေးရင်း

“ခင်ဗျားယောက်ျားနဲ့ ပတ်သက်တဲ့ မေးခွန်းတွေကို ခင်ဗျားဖြေနိုင်မလား”

“ဖြေနိုင်မှာ မဟုတ်ဘူး ”

“ဟုတ်ကဲ့၊ ကျွန်တော်နားလည်ပါတယ်။ ဒါဆိုလည်း မနက်ဖြန်မှ ပေါ့”

“ဒီနေ့လည်း ဘာမှ မဖြစ်ပါဘူး ရဲမှူးကြီး။ တစ်ခုရှိတာက သူ့အကြောင်း ကျွန်မ သိပ်မသိတာပါ။ သူက သူ့အကြောင်း သိပ်မပြောဘူးရှင့်”

“သူ ပြင်သစ်မှာ နေတာ ဘယ်လောက်ကြာပြီလဲ”

“မသိဘူးရှင့်”

“ သူက အမေရိကန်လူမျိုးနော်”

“ဆွစ်လူမျိုးပါ”

“အား . . . ဆွစ်လူမျိုး။ အလုပ်အကိုင်ကရော”

“အနုပညာပစ္စည်း အရောင်းအဝယ်”

ဂရန်းပီယာ ခဲတံတစ်ချောင်း ကောက်ကိုင်၏။

"သူ့ဆိုင်လိပ်စာလေး ပြောပြပါဦး"

"သူ့မှာ ဆိုင်မရှိဘူး"

"ဒါဆို ရုံးခန်းရော"

ရယ်ဂျီနာ ခေါင်းခါပြသည် ။

"ခင်ဗျားယောက်ျားရဲ့ ရုံးခန်းလိပ်စာတောင် မသိဘူးလား"

"ရုံးခန်းမှ မရှိဘဲ"

သူ့အသံ တိုးတိမ်နေ၏။ အသံအတက်အကျ၊ အနိမ့်အမြင့်မရှိ။

ဂရန်းပီယာလက်ထဲမှ ခဲတံကို လွှတ်ချလိုက်၏။ ခဲတံကလေး စားပွဲစွန်းသို့ လိမ့်သွားပြီး အောက်ကျသွားသည် ။ ရဲမှူးကြီး ဂရုမစိုက်။

"သူဟာ လူချမ်းသာတစ်ယောက်မဟုတ်လား"

"ထင်တာပဲလေ"

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

"ကျွန်မတို့ စိတ်အေးချမ်းသာနေနိုင်ခဲ့ကြတယ်လေ"

"ဘယ်လောက်ချမ်းသာလဲ"

"မသိဘူး"

"ခု သူ့ငွေတွေ ဘယ်မှာ ထားလဲ"

"ကျွန်မမသိဘူး"

"မဖြစ်နိုင်တာဗျာ"

ဂရန်းပီယာ ညည်းညူလိုက်၏။

"မဖြစ်နိုင်ဘူးဆိုတာ ကျွန်မသိပါတယ်။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ"

စိတ်ကသိကအောက်ဖြစ်သွားသဖြင့် သူ့မျက်နှာ သွေးရောင်လျှမ်းနေသည် ။

ရဲအရာရှိကြီး သက်ပြင်းချ၏။ စားပွဲပေါ်ဖိုင်တွဲကို ပြန်ကြည့်၏။

"ကျွန်တော်တို့ ခင်ဗျားအခန်းကို စစ်ဆေးကြည့်ပြီးပြီ။ ပျောက်ဆုံးနေတာတွေလည်း တွေ့ပြီး ပြီ။ အဲဒီပျောက်ဆုံးနေတာတွေနဲ့ ပတ်သက်လို့ ခင်ဗျား ဘာဆိုဘာမှ မသိဘူးလို့ ဆိုလိုတာလား"

"အဲဒါအမှန်ပါပဲ"

"ဒါဆိုလည်း ဘယ်လိုဖြစ်တယ်လို့ ခင်ဗျားယူဆလဲ"

ဂရန်းပီယာ အမျိုးသမီး၏ မျက်လုံးများကို သေသေချာချာစိုက်ကြည့်လျက်မေးသည် ။ သူ့အမူ အရာကိုကြည့်ပြီး ရယ်ဂျီနာစိတ်ပျက်ငြီးငွေ့လာပုံရ၏။

"ကျွန်မယူဆတာတော့ ကျွန်မတို့ အခိုးခံရပြီထင်တာပဲ"

"အခိုးခံရတယ်။ ခင်ဗျားစဉ်းစားကြည့်ပါဦးဗျာ။ သူခိုးတစ်ယောက်ဟာ ဘယ်လောက်ကြီးပဲ တော်နေတော်နေ တစ်အိမ်လုံးမှာ ရှိသမျှ အိမ်ထောင်ပရိဘောဂတွေရော၊ ရောမစန္ဒရားကြီးတစ်လုံး ရော၊ ပန်းချီကားအချပ်ပေါင်းလေးဆယ်နဲ့ စာအုပ်ပေါင်း ကိုးရာရော၊ နောက်ပြီး စားဖိုဆောင်ထဲက အိုး ခွက် ပန်းကန်တွေအပြင် ခင်ဗျားရဲ့ အတွင်းခံဘောင်းဘီတောင်မချန်ဘဲ ခိုးနိုင်ပါ့မလားခင်ဗျာ။ ကျွန်တော်ပြောတာ ရိုင်းသွားရင် ခွင့်လွှတ်ပါ မစ္စစ်လန်းဘတ်"

ပြင်သစ်ဆိုသည့် လူမျိုးကတော့ ပြင်သစ်ဆန်ဆန်ပဲ ပြောပေမပေ့ါ။

ရဲမှူးကြီး ဒေါသထွက်သွားသဖြင့် ရယ်ဂျီနာ အနည်းငယ်ကျေနပ်သွားသည် ။ မိမိပါရီသို့ပြန် လာပြီးသည့်နောက်ပိုင်း သည် တစ်ကြိမ်ပဲ မိမိထင်ထားသလို ဖြစ်လာသေးသည် ။

ဂရန်းပီယာ ချောင်းတစ်ချက်ဟန့်သည် ။

"ခင်ဗျား ကျွန်တော့်ကိုခွင့်လွှတ်ပါမဒမ်။ ကျွန်တော်တို့ မှာ လည်း အခြေခံစဉ်းစားဖို့ အချက်ကလေးတွေရှိနေပါပြီ။ ခုဖြစ်ပျက်သွားတဲ့ ကိစ္စနဲ့ ပတ်သက်ပြီးလို့ ခင်ဗျားဘာမှ မသိဘူးဆိုတာ ကျွန်တော်ယုံပါတယ်။ ဒီလို ကိစ္စတစ်ရပ်ကို စိတ်လိုက်မာန်ပါ အကောင်အထည်ဖော်ဖို့ ဆိုရင် ခင်ဗျားဟာ အရူးတစ်ယောက်ရင်လည်း ဖြစ်ရမယ်၊ ဒါမှ မဟုတ် ပါရမီရှင်တစ်ဦးရင်လည်း ဖြစ်ရမယ်။ ကျွန်တော့် အတွေ့အကြုံနဲ့ သိရသလောက်တော့ ဘယ်အမျိုးသမီးမှ အဲဒီနှစ်မျိုးစလုံးမဖြစ်နိုင်ဘူး"

အံဆွဲထဲမှ ဆေးပြင်းလိပ်သစ်တစ်လိပ် ထုတ်ယူသည် ။

"အနံ့ခံနိုင်ပါတယ်နော်"

"ရပါတယ်"

သူ့မျက်နှာကြီး ဆေးပြင်းလိပ်ငွေ့များ နောက်တွင် ပျောက်ကွယ်သွားသောအခါ သူက စကား ဆက်ပြောသည် ။

"လွန်ခဲ့တဲ့ အပတ် ဗုဒ္ဓဟူးနေ့က ခင်ဗျားယောကျ်ားဟာ ခင်ဗျားတို့ နေတဲ့ တစ်ထပ်လုံးမှာ ရှိသမျှ ပစ္စည်းတွေအားလုံးကို လေလံပွဲမှာ လေလံတင်ပြီး ရောင်းချခဲ့တယ်။ လေလံဆွဲသွားတဲ့ အဖွဲ့က ခင်ဗျားယောကျ်ားရဲ့ ဆန္ဒအတိုင်း ငွေသားနဲ့ ချေသွားတယ်။ နည်းနည်းနောနော ငွေတွေ မဟုတ်ဘူး ။ ဖရန့်ငွေတစ်သန်းကိုးသိန်းနဲ့

ငါးသောင်းရတယ်။ ဒေါ်လာငွေနဲ့ ဆို လေးသိန်းနီးပါးပေါ့။ လေဟာဗာက တာဝန်ရှိသူတွေ သူစီးခဲ့တဲ့ ရထားတွဲရဲ့ အထက်တန်းခန်းကိုရှာကြည့်ကြတယ်။ သူတို့ သေသေချာချာ စေ့စေ့စပ်စပ်ရှာခဲ့ကြပါတယ်။ ဒေါ် လာလေးသိန်းကိုမတွေ့ကြရဘူးလေ”

စားပွဲပေါ်မှ ခလုတ်တစ်ခုကို နှိပ်လိုက်၏။ ရဲသားတစ်ဦး တံခါးဖွင့်ကြည့်သည် ။

“မစ္စတာလန်းဘတ်ရဲ့ ပစ္စည်းတွေယူခဲ့”

ရဲသားပြန်ပျောက်သွားသည် ။

“ဒီတော့ မစ္စစ်လန်းဘတ် လတ်တလောကာလမှာ ကျွန်တော်တို့ ဘာမှ လက်ဆုပ်လက်ကိုင် မပြနိုင်သေးပေမယ့် ဒီဖြစ်ရပ်ရဲ့ နောက်ကွယ်က စေတနာလှုံ့ဆော်ချက်ကိုတော့ ကျွန်တော် သေသေ ချာချာသိပါတယ်”

“လှုံ့ဆော်ချက်ဟုတ်လား”

ရယ်ဂျီနာ မျက်လုံးတွေ ဝိုင်းစက်သွား၏။

“ဒါဆို ရှင်တို့ ထင်တာက ချားလ်ဟာ . . .”

“ညဝတ်အင်္ကျီ၊ ဘောင်းဘီတွေဝတ်ထားတဲ့ လူတစ်ယောက် ရထားတွဲပြတင်းပေါက်ကနေ အောက်ကိုကျ လာပြီဆိုကတည်းက ဖြစ်နိုင်ချေသုံးမျိုးပဲရှိပါတယ်။ မတော်တဆမှုမဖြစ်နိုင်ဘူး။ ပြတင်းပေါက်က မြင့်လွန်းတယ်။ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်မှု။ ခင်ဗျားယောက်ျား သူ့ကိုယ်သူ အဆုံးစီရင် မယ်ထင်လား မစ္စစ်လန်းဘတ်”

ရယ်ဂျီနာ ခဏစဉ်းစားနေ၏။ ထို့နောက် ခေါင်းခါသည် ။

“မဖြစ်နိုင်ဘူး။ ချားလ်ဟာ အိပ်ရာဝင်အဝတ်အစားတွေဝတ်ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့ အလုပ်မျိုး ဘယ်တော့မှ လုပ်မှာ မဟုတ်ဘူး ”

ဂရန်းပီယာ စကားမဆက်မီ ဆေးပြင်းလိပ်ကိုဖွာနေ၏။

“ဒီတော့ တတိယဖြစ်နိုင်ခြေတစ်မျိုးပဲ ကျန်တော့တယ်”

အခန်းတံခါးပွင့်သွားပြီး စောစောက ရဲသား ကြိမ်ခြင်းတစ်လုံးနှင့် ဝင်လာသည် ။ ရဲသားက ကြိမ် ခြင်းကို စားပွဲပေါ်တင်ပြီး ပြန်ထွက်သွားသည် ။

ဂရန်းပီယာ ခြင်းတောင်းထဲ လှမ်းကြည့်သည် ။

“ရထားတွဲအခန်းထဲမှာ ကျွန်တော်တို့ တွေ့ရသမျှပစ္စည်းတွေဟာ အဲဒါတွေပဲ”

အထဲမှ ပစ္စည်းတွေ တစ်ခုပြီးတစ်ခု ထုတ်ယူပြသည် ။

“ဖရန့်ငွေ ရာဂဏန်းလောက်ပဲပါတဲ့ ပိုက်ဆံအိတ်၊ ဒေါ်လာခြောက်ရာတန် ချက်လက်မှတ်တွေ ပါတဲ့ ခရီးသွားချက်လက်မှတ်စာအုပ်တစ်အုပ်၊ နေ့စဉ်အစီအစဉ် မှတ်တမ်းစာအုပ်တစ်အုပ်၊ နောက်ပြီး စာတစ်စောင်၊ တံဆိပ်ခေါင်းတပ်ပြီးသား ဒါပေမဲ့ ကော်ကပ်မပိတ်ရသေးဘူး။ လိပ်စာက ခင်ဗျား နာမည်နဲ့ ။ ပြီးတော့ သော့တစ်ချောင်း . . .”

“စာတစ်စောင်ပါသေးလား။ ကျွန်မကြည့်ပါရစေ”

စာအိတ်ကို ဂရန်းပီယာထံမှ လှမ်းယူပြီး အံထဲမှ စာကိုထုတ်ယူသည်

။

## ချစ်တဲ့ ရယ်ဂျီနာ

အနားယူ အပန်းဖြေရက်မှ မင်းပျော်ရွှင်ကြည်နူးမှုအပြည့်ရလိမ့်မယ်လို့ ကိုယ်မျှော်လင့်ပါတယ်။ ဒီအချိန် ဒီကာလမျိုးကို ထရူဗေးလ်မြို့လေးက အရမ်းသာယာတာ။ ပါရီမှာ တော့ ရာသီဥတုက ဆိုးမှ ဆိုးပဲ။ ဒီ ရက်သတ္တပတ်နှစ်ပတ်က ကုန်ခဲလိုက်တာကွာ။ ဘာပဲဖြစ်ဖြစ် မင်းနဲ့ မကြာခင် ပြန်ဆုံရတော့ မယ်ဆိုတာကို သိနေပါတယ်။

ချစ်မြဲချစ်လျက်

ချားလ်

နောက်ဆက်တွဲ။။ မနေ့က မင်းရဲ့ အင်္ကျီချုပ်သမား တယ်လီဖုန်းဆက်တယ်။ မင်း မှာ ထားတဲ့ အင်္ကျီ ပြီးနေပြီတဲ့ ။

ရယ်ဂျီနာ စာကို နောက်တစ်ခေါက်ထပ်ဖတ်သည် ။ ပြီးတော့ မျက်မှောင်ကြုတ်ပြီး စာကို စားပွဲ ပေါ် ပြန်တင်သည် ။

"ဒီထဲမှာ ဘာမှ ဟုတ်တိပတ်တိမပါပါဘူး"

"ကျွန်တော်တို့ ခင်ဗျားရဲ့ အင်္ကျီချုပ်သမားကိုလည်း ခေါ်ပြီးပါပြီ။ သူ့ဆီက ထူးခြားမှုတစ်ခုခု များ သိရမလားလို့ လေ"

"သိရလား"

"ဟုတ်ကဲ့။ ခင်ဗျားမှာ ထားတဲ့ အင်္ကျီချုပ်ပြီးနေပြီလေ"

ရဲမှူးကြီး ပြုံးပြီး ကြိမ်ခြင်းကို ပြန်ကြည့်သည် ။

"ခင်ဗျားတို့ အိမ်တံခါးသော့တစ်ချောင်း။ မဝတ်ရသေးတဲ့

ရှပ်အင်္ကျီတစ်ထည်။ ခြေအိတ်ရှည် နှစ်စုံ။ အတွင်းခံဘောင်းဘီတစ်ထည်။ သတင်းစာ တစ်စောင်။ မုတ်ဆိတ်ရိတ်ကိရိယာတစ်စုံ။ သွား ပွတ်တံတစ်ချောင်း။ သွားတိုက်ဆေးမှုန့်တစ်ဘူး။ လုပ်လက်စ ပလတ်စတစ်ကားလေးတစ်စီး။ အဲဒါပဲ”

ဂရန်းပီယာ မော့ကြည့်သည် ။ ရယ်ဂျီနာအား စာရွက်တစ်ရွက်နှင့် ဖောင်တိန်တစ်ချောင်းထိုး ပေးသည် ။

“ဒီ စာ ရ င်း အော က် မှာ လက်မှတ်ထိုးပြီးရင် ဒီပစ္စည်းတွေ ခင်ဗျားယူသွားနိုင်ပါပြီ။ ကျွန်တော်တို့ အားလုံး စစ်ဆေးကြည့်ပြီးပြီ”

ရယ်ဂျီနာလက်မှတ်ထိုးသည် ။

“ကျေးဇူးပါပဲ။ ကျွန်မ ဒါတွေကို ယူသွားချင်ပါတယ်”

အချိန်တော်တော်ကြာ နှုတ်ဆိတ်နေကြသည် ။ ဂရန်းပီယာက ရယ်ဂျီနာကိုစိုက်ကြည့်ရင်း တစ်စုံတစ်ခုကို ဆုံးဖြတ်ဖို့ ကြိုးစားနေ၏။

“ဒါပဲလား။ ကျွန်မပြန်နိုင်ပြီလား”

ရယ်ဂျီနာ ရုတ်တရက်နွမ်းနယ်လာ၏။

“တစ်ခုပဲ ထပ်မေးပါရစေ။ ခင်ဗျားပြောခဲ့တယ်နော် ခင်ဗျားယောက်ျားဟာ ဆွစ်လူမျိုးပါလို့ ”

“မှန်ပါတယ်”

“ခင်ဗျားသေချာရဲ့ လား”

“သေချာပါတယ်”

“သူ့နာမည်က ချားလ်လန်းဘတ်မဟုတ်လား”

“ဟုတ်တယ်လေ၊ ချားလ်လန်းဘတ်ပါ”

"အဲဒါလည်း သေချာတယ်ဆိုပါတော့"

ရယ်ဂျီနာစိတ်တိုလာသည် ။

"သေချာပါတယ်ရှင့်"

"စိတ်မရှိပါနဲ့ ဗျာ"

ဂရန်းပီယာပြောပြီး စားပွဲအံဆွဲကို ဆွဲဖွင့်သည် ။

"ဒါပေမဲ့ ခင်ဗျားယောက်ျားရဲ့ ကုတ်အင်္ကျီအိတ်ထဲက ကျွန်တော်တို့တွေ့ထားတာတွေရှိတယ် ဗျ"

"ဘာများ ပါလိမ့်"

"ဟောဒါတွေပဲ"

ရယ်ဂျီရှေ့သို့ စာအုပ်ကလေး လေးအုပ် ပစ်တင်ပေးသည် ။ နိုင်ငံကူးလက်မှတ်စာအုပ်များ ။

ပ ထ မ စာ အု ပ် မှာ ချားလ်လန်းဘတ်အားထုတ်ပေးထားသည့် ဆွစ်နိုင်ငံကူးလက်မှတ်။ ဓာတ်ပုံထဲတွင် မျက်နှာသွယ်သွယ် နှုတ်ခမ်းမွေးသဲ့သဲ့နှင့် မျက်မှန်အနက် တပ်ထားသည် ။ ဒု တိ ယ စာ အု ပ် မှာ ချားလ်ဗော့စ်အား ထုတ်ပေးထားသည့် အမေရိကန်နိုင်ငံကူးလက်မှတ်။ ဓာတ်ပုံက လန်းဘတ်၏ ဓာတ်ပုံ။ တတိယစာအုပ်မှာ ကာလိုဖေဘာရီဆိုသူအား ထုတ်ပေးထားသည့် အီတာလျံ နိုင်ငံကူးလက်မှတ်။ ဓာတ်ပုံမှာ လန်းဘတ်၏ ဓာတ်ပုံပင်။ နော က် ဆုံး စာ အု ပ် မှာ ကာလိုမိုရီနိုဆိုသူအား ထုတ်ပေးထားသည့် ဗင်နီဇွဲလား နိုင်ငံကူးလက်မှတ်။ လန်းဘတ်၏ ဓာတ်ပုံပင် ကပ်ထား၏။

ရယ်ဂျီနာ ရဲမှူးကြီးကိုကြည့်၏။ မယုံနိုင်စွာ ခေါင်းယမ်းနေမိ၏။

ရဲမှူးကြီးက ရှင်းလင်းချက် တစ်စုံတစ်ရာ ရလိုရငြားငံ့လင့်နေ၏။ တကယ်တော့ ရယ်ဂျီနာ ဘယ်လိုရှင်းလင်းချက်မျိုးမှ ပေးနိုင်စွမ်းမရှိပါ။

* * *

# အခန်း (၄)

ချားလ်လန်းဘတ် သို့မဟုတ် ဗော့စ် သို့မဟုတ် ဖေဘာရီ သို့မဟုတ် မိုရီနို၏ ရုပ်ကလာပ်ကို ပြင် ဆင်ထားသည် ဘုရားရှိခိုးကျောင်းထဲရှိ ရှေ့ဆုံးခုံတန်းတွင် ရယ်ဂျီနာထိုင်နေ၏။ သူ့အား ကူညီဖေးမသူ အဖြစ် သူ့သူငယ်ချင်း ဆီလ်ဗီက သူ့နံဘေးတွင် ထိုင်နေသည် ။

သူတို့ နောက်ဖက်ခုံတန်း ဆယ့်ခြောက်တန်းမြောက်တွင် တိတ်ဆိတ်ငိုက်မျဉ်းစွာထိုင်နေသူမှာ ရဲမှူးကြီး အက်ဒဝပ်ဂရန်းပီယာ။ သူ့ကိုမြင်တော့ ရယ်ဂျီနာ စိတ်မကောင်းဖြစ်မိသည် ။ ရဲမှူးကြီး ဘာကြောင့် လာသည် ကို ရယ်ဂျီနာသိပါသည် ။ သို့သော် ရဲမှူးကြီးက ခုလို အသုဘအခမ်းအနားမှာ ပင် လာရောက်နှောင့်ယှက်ရသည် ကို တောင်းပန်သည့် အလား ဟိုးနောက်တန်းမှ ထိုင်ခုံမှာ ရွှေ့ထိုင်နေသည် ။

ဘုရားရှိခိုးကျောင်းထဲတွင် သူတို့ သုံးဦးသာရှိသဖြင့် ကျောင်းခန်းမကြီးက ပိုပြီးကျယ်ဝန်းနေသယောင် ထင်ရ၏။ ဆီလ်ဗီက နောက်ဘက်သို့ စွေစောင်းကြည့်သည် ။ ရဲမှူးကြီး သူ့ကိုပြန်ကြည့်နေသည် ကိုတွေ့တော့ အသာအကြည့်လွှဲလိုက်ပြီး ရယ်ဂျီနာကို တိုးတိုးတိတ်တိတ်မေး၏။

"ချားလ်မှာ မိတ်ဆွေအပေါင်းအသင်းတွေမရှိဘူးလား"

ရယ်ဂျီနာ ပခုံးတွန့်ပြ၏။

"သူတို့ သတင်းမကြားသေးလို့ နေမှာ ပေါ့ကွယ်"

"ဒါ ဆိုရင်တော့ သူတို့ မျက်စိကန်းနေလို့ ဖြစ်ရမယ်။ သ တ င်း စာ တွေ ထဲ မှာ ချားလ်ရဲ့ ဓာတ်ပုံကြီး နဲ့ သတင်းအပြည့်အစုံပါနေတာပဲဟာ။ နောက်ပြီး ရယ်ဂျီ . . ."

"ဘာလဲ"

"မင်း ဘာများ သိရပြီလဲ"

"ဘာကိုသိရမှာ လဲ"

"သူ ဘာဖြစ်လို့ ထွက်သွားဖို့ ကြိုးစားတယ်ဆိုတာလေ"

ရယ်ဂျီနာ ခေါင်းခါပြသည် ။

"ဘာမှ ရေရေရာရာမသိရသေးဘူး။ ဒါပေမဲ့ သူပြေးတာတော့ ထင်ရှားပါတယ်။ မဟုတ်ဘူး လား"

"အာ . . . မဟုတ်သေးပါဘူး"

"သူ ကိုယ့်ကိုပစ်ပြီးပြေးတာပါ။ ကိုယ်ကလည်း ကိုယ့်စိတ်ကိုယ် ယတိပြတ်ဖြတ်ဖို့ အားထုတ်နေရတာနဲ့ ဘာတွေဖြစ်နေတယ်ဆိုတာ သတိကို မထားခဲ့မိဘူး"

"ဘာတွေဖြစ်နေခဲ့လို့ လဲ"

"မသိဘူးလေ။ ကိုယ် သတိမထားခဲ့မိဘူးလို့ ပြောနေပါပြီကော"

"အိုး ဒါဆို သူ့ကို ဘယ်သူသတ်လိုက်တာလဲ"

ဆီလ်ဗီ တိုးတိုးပြောဖို့ မေ့သွားသည် ။

"ဟဲ့ အကျယ်ကြီးမပြောနဲ့ ဟဲ့"

ရယ်ဂျီနာ သတိပေးရင်း ဂရန်းပီယာကိုစောင်းကြည့်၏။

"ဒါဆို သူ့ကို ဘယ်သူသတ်တာလဲ"

သည် တစ်ခါ တိုးတိုးလေးမေး၏။

"အဲဒီမိန်းမ သတ်ခဲ့တာပေါ့"

"ဘယ်သူလဲ"

"သူနဲ့ အတူ လစ်ပြေးသွားတဲ့ မိန်းမပေါ့။ မင်းစဉ်းစားကြည့်လေ ဒီမိန်းမက သူ့ငွေကိုပဲလိုချင်တာ။ ဒီတော့ သူတို့ ရထားတွဲပေါ်ရောက်တဲ့ အထိစောင့်နေ၊ သူ အိပ်ပျော်နေတော့ သူ့ကို တစ်ခုခုနဲ့ ရိုက်ပြီးတော့ ရထားတွဲပေါ်က တွန်းချခဲ့တာပေါ့။ ဒါဆို သူအိပ်ရာဝင်ဝတ်စုံကြီးနဲ့ ဖြစ်နေတဲ့ ပြဿနာလည်း ရှင်းသွားရော"

"အင်း"

ဆီးလ်ဗီ ခဏမျှ နှုတ်ဆိတ်နေ၏။ နောက်မှ

"မဖြစ်နိုင်ဘူးလို့ ပြောလို့ မရပါဘူး။ ဒီအကြောင်း မင်းရဲကို ပြောပြပြီးပြီလား"

"မပြောရသေးဘူး"

"မင်းက ဘာကိုစောင့်နေလို့ မပြောရသေးတာလဲ"

"သူတို့ လည်း ဒီလောက်တော့ စဉ်းစားမိမှာ ပေါ့။ ပြောရရင် ဒီ လို ကိစ္စ မျိုး တွေ မှာ သူတို့ က အတွေ့အကြုံအများကြီး ရှိထားကြတာမဟုတ်လား။ နောက်တစ်ချက်က ကိုယ့်ယောကျ်ားက ကိုယ့်ကိုပစ်ပြေးတယ်ဆိုတဲ့ ကြောင်းကို ပြောရတာ သိပ်မနိပ်ဘူးလေ။ ဘာပဲဖြစ်ဖြစ် မင်းပြောတာမှန်ပါတယ်။ ကိုယ်တို့ အပြင်ရောက်ရင်

ဒီအကြောင်း ရဲမှူးကြီးကိုပြောပြရမယ်”

“မနေ့ညက သူ ကိုယ့်ကိုလာတွေ့တယ်ကွ”

“ဘယ်သူလဲ”

“ဂရန်းပီယာလေ။ ချားလ်သေတဲ့ ညက မင်းများ ထရူးဗေးလ်ကနေ ခဏတစ်ဖြုတ် ထွက်သွားသေးလားဆိုတာ သူက သိချင်တာ”

ရယ်ဂျီနာ ခဏစဉ်းစားနေ၏။

“သူ ကိုယ့်ကို မသင်္ကာဖြစ်နေလို့ ကတော့ ရေလိုက်လွဲရာ ကျမှာ ပေါ့”

“အဲဒီညက တစ်ညလုံး ထရူးဗေးလ်က လောင်းကစားရုံထဲမှာ မင်းရှိနေတဲ့ အကြောင်း ကိုယ် ပြောပြလိုက်တယ်လေ”

“ပိုက်ဆံအကြောင်း စဉ်းစားမိတော့ ကိုယ့်ကိုယ်ကိုယ်တောင် သတ်ပစ်ချင်စိတ် ပေါက်တယ်။ အဲဒီညက ကိုယ်ဖြုန်းပစ်လိုက်တဲ့ ငွေတွေ နည်းနည်းနောနောမှ မဟုတ်ဘဲ”

ရယ်ဂျီနာပြောရင်း အံ့ဩမိသည် ။ သူသည် ရက်ပိုင်းလေးအတွင်းက သူဌေးမတစ်ယောက်လို သုံးဖြုန်းနေခဲ့သည် လေ။

“အဲဒီငွေတွေသာ ဖြုန်းမပစ်ခဲ့ရင် ခုဆို အဲဒီငွေတွေသုံးနေရမှာ ”

“မင်း ငွေလိုနေရင်. . .”

ရယ်ဂျီနာ သူ့ကိုချက်ချင်းတား၏။ “မလိုဘူး”ဟု ပြော၏။ ထို့နောက် တစ်ချက်ပြုံးကာ “လောလောဆယ်တော့ မလိုသေးဘူးဟု ” ဆက်ပြော၏။ တကယ်တော့ ရယ်ဂျီနာ ငွေအကြောင်း ဘာမျှနားမလည်။ ချားလ်နှင့် လက်မထပ်မီကဆို သူ့လက်ထဲမှာ

ခြူးတစ်ပြားမျှမကပ်။ ထို့နောက် ရုတ်ခြည်းဆိုသလို ငွေတွေတစ်ပုံတစ်ပင်ကြီး သုံးခွင့်ဖြုန်းခွင့်ကြုံလာသည် ။ ဟော ခုတော့ ချွတ်ခြုံကျဘဝရောက် သွားပြန်ပြီ။ အမြင့်ကိုတက်ခဲ့စဉ်ကဆို စိုးစိမျှအားမထုတ်ခဲ့ရ။ ယခု အဆင်းခရီးမှာ မူ ခက်ခဲကျဉ်းကျပ်ပေမည်။ အရှိတရားနှင့် လိုက်လျောညီထွေနေတတ်အောင် မိမိကိုယ်မိမိ ချက်ချင်းပြုပြင်ဆင်ခြင်ရတော့မည်ဆိုတာ သူသိနေပါသည် ။ ဘာပဲဖြစ်ဖြစ် ဣန္ဒြေမပျက်ဖို့ တော့ အရေးကြီးသည် ။

"အစစအရာရာအတွက် ကျေးဇူးတင်ပါတယ် ဆီလ်ဗီရယ်။ လွန်ခဲ့တဲ့ ရက်ပိုင်းအတွင်းကဆို ကိုယ် ဘာကိုမှ မစဉ်းစားမဆင်ခြင်ပဲ"

ဘုရားရှိခိုးကျောင်းနောက်ဘက် တံခါးမကြီးပွင့်သွားသည် ။ အလင်းတန်းကြီးသည် ခန်းမကို ဖြတ်ကျော်ပြီး အလောင်းစင်ပြင်ထားရာဆီသို့ပင် ရောက်လာသည် ။ သူတို့ နှစ်ယောက် နောက်ဘက်သို့ လှည့်ကြည့်လိုက်ကြ၏။ တံခါးပေါက်မှ ဝင်နေသည့် အလင်းရောင်ကို လူတစ်ယောက်၏ ကိုယ်ခန္ဓာက ပိတ်ကာထားလိုက်၏။ ထိုလူ တံခါးဝတွင် ခဏရပ်နေသည် ။ အခန်းထဲရှိ အမှောင်ကို ကျင့်သားရအောင် ကြည့်နေသည် ။

ထို့နောက် တံခါးပြန်ပိတ်ပြီး ခေါင်းရှိရာသို့ လျှောက်လာသည် ။ ထိုအခါကျမှ ထိုလူ၏ ပုံပန်းသဏ္ဌာန်ကို ရယ်ဂျီနာအကဲခတ်လို့ ရသည် ။ သည် လူ့အသက် လေးဆယ်နားနီးရော့မည်။ သည် လူ့မျက် နှာပေါ်တွင် ထင်ရှားသည့် အရေးအကြောင်းနှစ်ခုရှိ၏။ ပါးရိုးနှစ်ဖက်မှ သည် နှုတ်ခမ်းဖျားနှစ်ဖက်ဆီသို့ ကွေးညွတ်ကျလာသည့် ပါးမြောင်းနှစ်ကြောင်း။ သူ့နဖူးပေါ်တွင် လည်း နက်ရှိုင်းသော အရေးအကြောင်းများ ထင်နေ၏။ မျက်လုံးတွေကတော့ အညိုရောင်။

နှာခေါင်းက ရှည်လျားဖြောင့်စင်းသည် ။ အဖြူစွတ်စ ဆံပင်များကို ခပ်တိုတိုညှပ်ထားသည် ။ စစ်တပ်ဆံပင်မျိုး။ အရပ်က တော်တော် ထောင်မောင်းသည် ။ သူ့ကြည့်ရတာ ကြွက်သားအမြှောင်းမြှောင်း ထနေသူမျိုးတော့မဟုတ်။ သို့တိုင် လှုပ်ရှားသွားလာပုံကြည့်ရတာ ကျန်းမာသန်စွမ်းမည့် ပုံ။ လည်ပင်းမှ အောက်ပိုင်းကိုကြည့်လိုက်လျှင် အားကစားသမားတစ်ယောက်။
သို့မဟုတ်တန်ဂိုအကသမားတစ်ယောက်နှင့်တူသည် ။ လည်ပင်းမှ သည် အထက်ပိုင်းသို့ကြည့်လိုက်လျှင်မူ သူလိုငါလို လူတစ်ဦးပင်။ ဘာမျှ ထူးထူးခြားခြားမရှိ။

အဖုံးဖွင့်ထားသည့် ခေါင်းနားသို့ရောက်သောအခါ ထိုသူအကြာကြီးရပ်ကြည့်နေ၏။ သူ့ရင်ထဲတွင် ခံစားချက်တစ်စုံတစ်ရာရှိလျှင်လည်း သူ့မျက်နှာတွင် မပေါ်။

ထို့နောက် ထိုလူ နောက်ပြန်လှည့်ပြီး ရယ်ဂျီနာဆီ တန်းတန်းမတ်မတ်လာသည် ။ သူက ခါးကို အနည်းငယ်ညွတ်လျက်

"ကျွန်တော် အရမ်းစိတ်မကောင်းဖြစ်ရပါတယ် ခင်ဗျာ။ ကျွန်တော်ဆောင်ရွက်ပေးနိုင်တဲ့ ကိစ္စမျိုးများ ရှိရင် ပြောဖို့ ဝန်မလေးပါနဲ့ နော်"

တုံ့ပြန်စကားကို စောင့်မနေတော့ဘဲ ထိုလူ လှည့်ထွက်သွားသည် ။ ဘုရားရှိခိုးကျောင်း နောက်တန်းတစ်နေရာတွင် သွားထိုင်နေသည် ။

"အဲဒါ ဘယ်သူလဲဟင်"

ဆီလ်ဗီမေးသည် ။

"တစ်ခါမှ မမြင်ဖူးပါဘူးဟယ်"

"တော်တော်ချောတယ်နော်"

ရယ်ဂျီနာလည်း ထိုအတိုင်းပင်ယူဆသည် ။ သို့ပေမယ့် သည် အချိန်၊ သည် နေရာမျိုးမှာ သည် စကားမျိုးမပြောသင့်ဟု ယူဆသဖြင့် ဘာမှ ပြန်မပြောမိ။ စပ်စုချင်စိတ်က ကြွတတ်လာသဖြင့် မသိမသာ စွေစောင်းလှည့်ကြည့်လိုက်၏။ ထိုလူက ရှေ့တည့်တည့်ကို စိုက်ကြည့်နေသည် ။ မိမိကိုကြည့်နေသလား၊ ခေါင်းကို ကြည့်နေသလား။ ရယ်ဂျီနာ မဝေခွဲတတ်။

ထို့နောက် တံခါးမကြီးပွင့်သွားပြန်သည် ။ သည် တစ်ခါဝင်လာသူမှာ ဂင်တိုတို၊ ထိပ်ပြောင်ပြောင်နှင့် ဂနာမငြိမ်သော ဖိုသီဖတ်သီလူတစ်ယောက်။ ထိုလူက တံခါးကို ကပျာကယာပြန်ပိတ်၏။ လိပ်ခွံကိုင်း မျက်မှန်ကြီးထဲမှ နေပြီး ခန်းမတစ်ခုလုံးကို တစ်လက်မမျှမကျန် စေ့စေ့စပ်စပ်ကြည့်၏။ အထဲ ရှိလူတွေကိုလည်း ကြည့်၏။ ပြီးမှ မင်းလမ်းအတိုင်း လျှောက်လာသည် ။ အလောင်းစင်ဆီသို့သွားသည် ။ သည် လူ့မျက်နှာတစ်ခုလုံး ချွေးသီးချွေးပေါက်တွေ ထွက်နေသည် ကို ရယ်ဂျီနာသတိပြုမိသည် ။ ချွေးသီးတွေသည် မျက်နှာပေါ်မှ သည် ရှပ်အင်္ကျီကော်လာပေါ်သို့ စီးကျနေ၏။

ခေါင်းနားရောက်တော့ ရပ်သည် ။ စောစောကလူလုပ်သလို ခေါင်းထဲသို့ စိုက်ကြည့်သည် ။ ထို့ နောက် နှုပ်ရှု့သည် ။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် ဆက်တိုက်။ သို့သော် သူ့လိုပုံစံရှိသည့် လူတစ်ယောက်အနေဖြင့် အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါကို မထင်မှတ်နိုင်လောက်အောင် လျင်မြန်စွာ ထုတ်ယူလိုက်၏။ ပြီးတော့ လက်ကိုင်ပဝါကို အိတ်ထဲပြန်ထည့်သည် ။ ထို့နောက် သက်ရှိ

သတ္တဝါတွေ ဘက်လှည့်လိုက်သည် ။ သက်ရှိလူလေးယောက်ကို တစ်ယောက်ပြီးတစ်ယောက် သေသေချာချာ ကြည့်သည် ။ နောက်ဆုံး ရယ်ဂျီနာကို အချိန်ကြာကြာစိုက်ကြည့်သည် ။

ထို့နောက် ထိုလူက အခြားလူများ နှင့် ဝေးရာတစ်နေရာကိုရှာပြီး သွားထိုင်နေ၏။

ဆီလ်ဗီက ရယ်ဂျီနာ့ပခုံးကိုတို့ သည် ရယ်ဂျီနာလှည့်ကြည့်တော့ မျက်ခုံးပင့်ပြပြီး မေးခွန်းထုတ်သည် ။

ရယ်ဂျီနာ ပခုံးတွန့်ပြ၏။ သည် တစ်ယောက်ကိုလည်း လုံးဝမမြင်ဖူး။

နောက်တစ်ကြိမ် တံခါးပွင့်သွားပြီး အရပ်မြင့်မြင့် ပိန်ပိန်ပါးပါးနှင့် ကော်ဂျူရှိုင်းဝတ်စုံဝတ်ထား သူတစ်ဦး ဝင်လာသည် ။ သူ့မျက်နှာက ခပ်ကျကျ။ မျက်ပေါက်ကျဉ်းကျဉ်းနှင့် ။ အသားအရေမှာ ရာသီဥတုဒဏ်၊ နေဒဏ်ကြောင့် ညိုမောင်းနေသည် ။ ငါးစုံသော မျက်လုံးများက သူလျှောက်သွားရာ မင်းလမ်းတစ်လျှောက် လိုက်ကြည့်နေသည် ။ သည် လူ အရက်သောက်ထားသည် ။ သူလျှောက်လာပုံက ခြေလှမ်းပင်မမှန်။ သူ့ခြေလှမ်းတွေ သိုင်းကွက်နင်းနေသည် ကို သူ့ဘာသာသူ သတိမထားမိလေသလား၊ ဒါမှ မဟုတ် ဘယ်သူ့မျှ ဂရုမစိုက်သည့် သဘောလားမသိ။ မည်သို့ပင်ဖြစ်စေ သူအရက်သောက်လာသည် ကို ဖုံးဖိလို့ မရပါ။ ဘာကြောင့် ဆို သူဖြတ်သွားသည် နှင့် သူ့ထံမှ အရက်နံ့ တထောင်းထောင်းက ရယ်ဂျီနာဆီသို့ပင် ရောက်လာကြောင့် ပင်။

ချားလ်လန်းဘတ်အလောင်းကိုမြင်တော့ ထိုသူ အကြောတွေဆိုင်းသွားသည် ။ တစ်ကိုယ်လုံး တွန့်ခနဲဖြစ်သွားသည် ။ ပြီးတော့ သူ့ကိုသူထိန်းဖို့ ခေါင်းကို လှမ်းကိုင်ထားလိုက်ရ၏။

သူ့ဟန်ချက်သူ ထိန်းနိုင်သောအခါ ကုတ်အင်္ကျီရင်ဖုံးပေါ်မှ ပန်းလေးတစ်ပွင့်ကိုဖြုတ်ပြီး ခေါင်းထဲပစ်ထည့်လိုက်၏။ သူ့လှုပ်ရှားမှုဟန်ပန်က အမှုမဲ့ အမှတ်မဲ့ပုံစံမျိုး

ထို့နောက် ခေါင်းကိုကျောခိုင်းပြီး မင်းလမ်းအတိုင်း ပြန်လျှောက်သွားသည် ။ ဂင်တိုတိုနှင့် ထိပ်ပြောင်ပြောင်လူကိုတွေ့တော့ ခဏရပ်သည် ။ တစ်ယောက်ကို တစ်ယောက် အာရုံစိုက်ကြည့်သည် ။ ပိန်ပိန်ရှည်ရှည်လူက ဂင်တိုတိုလူဘက်သို့ ခြေတစ်လှမ်းလှမ်း၏။ ထို့နောက် စိတ်ပြောင်းသွားသည့် အလား လမ်းကြောင်းပြောင်းလိုက်သည် ။ ပထမဆုံးရောက်လာသော ခပ်ချောချောလူနှင့် မလှမ်းမကမ်းတွင် သွားထိုင်ကြသည် ။ ခဏကြာတော့ ထိုလူ တခေါခေါ အိပ်ပျော်နေတော့၏။

သို့ပေမယ့် သိပ်ကြာကြာမအိပ်လိုက်ရ။ တံခါးမကြီးပွင့်သွားပြန်သည် ။ တံခါးချပ်က ကျောက်သားနံရံနှင့် ဆောင့်မိသည် ။ မြည်ဟိန်းသွားသောအသံမှာ ချားလ်လန်ဘတ်ကလွဲပြီး အကုန်လုံးလှည့် ကြည့်ရလောက်အောင် ဖြစ်သွားသည် ။

စင်စစ် ဘုရားရှိခိုးကျောင်း တံခါးပေါက်က သိပ်မကျဉ်းလှ။ သို့သော် နောက်ရောက်လာသည့် လူ၏ ကိုယ်ခန္ဓာကြီးက တံခါးပေါက်တစ်ခုလုံးပြည့်နေသည် ။ သူ့ကိုကျော်ပြီး အလင်းရောင်များများ စားစားပင် ခန်းမထဲမဝင်နိုင်။ ရှည်လျားနက်မှောင်သော ဆံပင်များကို နောက်သို့လှန်ပြီးထားသည် ။ ထူထပ်မည်းနက်သော မျက်ခုံးမွေးများ သည် နာရင်းပေါ်တွင် ဆက်နေသည် ။ ထိုလူမလှုပ်မယှက်ရပ်နေ၏။ လက်နှစ်ဖက်ကို ဟောင်းနွမ်းစုတ်ပြတ်နေသော

မိုးကာအင်္ကျီအိတ်တွေထဲထိုးထည့်ထား၏။ သူက ခေါင်းကို ဂရုမစိုက်။ အထဲမှ အလောင်းကို လည်း အမှုမထား။ အနီးဆုံးကုလားထိုင်တစ်လုံးတွင် သာ ဝင်ထိုင်သည် ။

ဆယ်မိနစ်လုံးလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ နောက်ထပ်ဘယ်သူမျှ ရောက်မလာတော့။

"အင်း . . . ရဲအရာရှိတစ်ယောက်နဲ့ သူစိမ်းလေးယောက်။ နောက်ပြီး ငါတို့ နှစ်ယောက်။ ဘာ တွေဆက်ဖြစ်ဦးမလဲ"

ရယ်ဂျီနာတွေးနေသည် ။ သူ့အတွေးကို ဖြေလိုက်သည့် ပမာ သူ့ပခုံးကို လက်တစ်ချောင်းလာတို့ သည် ။ ရယ်ဂျီနာကုလားထိုင်ပေါ်မှ ခုန်ထမိတော့မတတ်ဖြစ်သွားသည် ။ ချာခနဲကြည့်လိုက်တော့ သူ နောက်တွင် ရပ်နေသည့် သုသာန်စောင့်နှင့် နှာခေါင်းချင်းဆောင့်မိမတတ် ဖြစ်သွားသည် ။ ထိုလူက ခါး ကိုင်းပြီး သူ့နားအနီးကပ်ပြီး တစ်စုံတစ်ခုပြောဖို့ ဟန်ပြင်နေသည်

"ဘာကိစ္စလဲ"

ခပ်ဆတ်ဆတ်မေး၏။ ထိုလူစိုက်ကြည့်နေပုံကြောင့် စိတ်တိုသွားသည် ။

"လူကြီးမင်း တစ်ယောက်က အစ်မအတွက် စာတစ်စောင် လာပေးသွားပါတယ် အစ်မ"

ထိုလူလေသံမျှဖြင့်ပြော၏။ အသုဘအခမ်းအနားများ တွင် အားပေးဖျောင်းဖျသည့် လေသံမျိုး။ စာအိတ်တစ်အိတ်ပေးပြီး နောက်ပြန်ဆုတ်သည် ။ အလာတုန်းကအတိုင်း တိတ်ဆိတ်စွာ ပြန်ထွက်သွား သည် ။

ရယ်ဂျီနာလက်ထဲမှ စာအိတ်ကို ဖင်ပြန်ခေါင်းပြန်ကြည့်သည် ။ စာအိတ်ပေါ်တွင် ပါရီအခြေစိုက် အမေရိကန်သံရုံးတံဆိပ် ရိုက်နှိပ်ထားသည် ။ စာအိတ်ထိပ်ကိုဆုတ်ဖြဲပြီး အထဲမှ စာတိုကလေးကိုဖတ် ကြည့်သည် ။

**ခင်မင်စွာသော မစ္စစ်လန်းဘတ် ခင်ဗျား။**

မနက်ဖြန်နေ့လယ်တစ်နာရီတိတိတွင် သံရုံးရှိ ကျွန်တော့်ရုံးခန်းသို့ ကြွရောက်စေချင်ပါတယ်။ ကိစ္စမှာ ကွယ်လွန်သွားရှာသော ချားလ်နှင့် ပတ်သက်ပြီး အလွန်မတန်အရေးကြီးပါသည် ။ တဆိတ် အချိန်အတိအကျ လာရောက်စေလိုပါသည် ။

စာနာထောက်ထားလျက်

အိပ်ချ်ဘာသလိုမြူး

ထိုးထားသည့် လက်မှတ်ကို ရယ်ဂျီနာ စေ့စေ့စပ်စပ်ကြည့်သည် ။ အမေရိကန်တစ်ယောက်၏ လက်မှတ်မှန်းသိသာသည် ။ ရှင်းလင်းပြတ်သားသည် ။ ဖတ်လို့ ရသည် ။ သူသည် စာကို ဆီလ်ဗီထံ လက်ဆင့်ကမ်းလိုက်၏။

"အဲဒါက ဘာအဓိပ္ပာယ်လဲ"

စာဖတ်ပြီးတော့ ဆီလ်ဗီမေးသည် ။

ရယ်ဂျီနာ ရုတ်တရက် ပီဘိကလေးငယ်လေးတစ်ယောက်လို ဖြစ်သွားသည် ။ ပင်လယ်ကမ်း ခြေသောင်ပြင်ပေါ်တွင် မိဘပျောက်နေသော ကလေးမလေးတစ်ဦးသဖွယ်။ "မသိတော့ပါဘူးဟယ်"ဟု ညည်းသည် ။ ပါးပေါ်သို့ မျက်ရည်ဥကြီးများ တလိမ့်လိမ့် တလိမ့်လိမ့်စီးကျလာသည် ။ ချားလ်အတွက် မျက်ရည်များ

II

* * *

# အခန်း (၅)

နောက်နေ့ တစ်နာရီနှင့် နှစ်ဆယ့်ငါးမိနစ်တိတိတွင် ရယ်ဂျီနာ အမေရိကန်သံရုံးဝင်းတံခါးကြီးကို သုတ်သီးသုတ်ပျာ ဖြတ်ဝင်သွားသည် ။

စုံစမ်းရေးဌာန စားပွဲရှေ့ရောက်တော့

“မစ္စတာဘာသလိုမြူးနဲ့ တွေ့ပါရစေ”ဟု ပြောသည် ။

“ကြိုတင်ချိန်းထားပါသလား”

“ဟုတ်ကဲ့၊ တစ်နာရီမှာ ချိန်းထားပါတယ်။ ကျွန်မနည်းနည်းလေး နောက်ကျသွားတယ်ရှင့်”

ရယ်ဂျီနာ ဝန်ခံလိုက်၏။

ညွှန်ကြားစာရေးမလေး ပြုံးသည် ။ ကိုယ်ချင်းစာသည် လေ။ မိမိတို့ မိန်းမသားဆိုတာမျိုးက တစ်နာရီတိတိတွင် တွေ့ဆုံဖို့ ချိန်းဆိုထားလျှင် တစ်နာရီတိတိကျမှ အိမ်ကထွက်တတ်ကြသည် မဟုတ်လား။

“အခန်းနံပါတ် ၃၀၇ ကပါ။ ညီမရဲ့ ဘယ်ဘက်က ဓာတ်လှေကားကိုစီးသွားပါ”

အခန်းနံပါတ် ၃၀၇ ကမှာ ခန်းမကြီး၏ အစွန်နားတွင် ရှိသည် ။ ရယ်ဂျီနာက အခန်းတံခါးပေါက် တွင် ချိတ်ထားသည့် ဆိုင်းဘုတ်ကို မော့ကြည့်၏။ မစ္စတာဟန်မီလ်တန်ဘာသလိုမြူး။ ဝင်နိုင်ပါသည် ။

တံခါးကို တွန်းကြည့်သည် ။ ပွင့်သွားသည် ။

ခေတ်မီလှပသော သတ္တုစားပွဲတစ်လုံးနောက်တွင် လူတစ်ယောက်ထိုင်နေ၏။ ထိုလူက သူ့ လည်စည်းပေါ်မှာ အစက်အပြောက်တစ်ခုကို လက်ကိုင်ပဝါတွင် မီးခြစ်ဆီတို့ ပြီး အစွန်းချွတ်နေသည် ။ အန်းထဲ ရယ်ဂျီနာဝင်လာတော့ မော်ကြည့်သည် ။ ပြီးတော့ လည်စည်းကို အာရုံပြန်စိုက်သည် ။ ထို့ နောက် ဘာကိစ္စလဲဟု မေးသည် ။

"မစ္စတာဘာသလိုမြူးလားရှင်"

"ဟုတ်ပါတယ်"

"ကျွန်မ မစ္စစ်လန်းဘတ်ပါ"

ဘာသလိုမြူး လက်ပတ်နာရီကြည့်၏။

"ခင်ဗျား နာရီဝက်တောင် နောက်ကျတာပဲ"

လက်ကိုင်ပဝါကို အင်္ကျီအိတ်ထဲထည့်သည် ။ မီးခြစ်ဆီဘူးကို အံဆွဲထဲထည့်သည် ။ ပြီးမှ မတ်တတ်ရပ်ကာ

"နေကောင်းရဲ့ လား မစ္စစ်လန်းဘတ်။ ခုလို စိတ်မကောင်းစရာအခြေအနေမျိုးမှာ ခင်ဗျားနဲ့ တွေ့ဆုံရတာ ဝမ်းနည်းပါတယ်ဗျာ။ ထိုင်ဦးလေ"

ရုံးခန်းမှာ ခပ်ကျဉ်းကျဉ်းပင်။ သိပ်ထည်ထည်ဝါဝါကြီး ပြင်ဆင်ထားခြင်းမရှိ။ အဆင်တန်ဆာဆိုလို့ နံရံတွင် ချိတ်ထားသည့် သမ္မတကြီး ရစဗ့်၏ ဓာတ်ပုံကြီးပဲရှိသည် ။

ရယ်ဂျီနာထိုင်ပြီးသောအခါ သူက စားပွဲပေါ်မှ

စီးကရက်ဘူးကိုတွန်းပေးပြီး ဧည့်ဝတ်ပြုသည် ။ ထို့နောက် သူကိုယ်တိုင်လည်း တစ်လိပ်ထုတ်ယူသည် ။ အင်္ကျီအိတ်ထဲမှ ငွေမီးခြစ်ကလေးထုတ်ပြီး မီးညှိပေးသည် ။ ရယ်ဂျီနာ စီးကရက်ကို တစ်ဖွာနှစ်ဖွာ ဖွာပြီးသည် နှင့် ပြာခံခွက်ထဲ ထိုးခြေ မီးသတ်ပစ်လိုက်မိ၏။ စီးကရက်က ပြင်းလွန်းသည် ။ တစ်ဖွာနှစ်ဖွာ ရှိုက်မိရုံဖြင့် မူးမေ့မတတ်ဖြစ်သွားသည် ။

"မစ္စစ်လန်းဘတ်၊ ခင်ဗျားကို ကျွန်တော် ဒီကိုခေါ်တွေ့တာ ဘာကြောင့် ဆိုတာများ စဉ်းစားမိလား"

"စဉ်းစားလို့ မရပါဘူး"

အမှန်တိုင်း ဝန်ခံလိုက်၏။

"စီအိုင်အေဆိုတာ ဘာလဲ၊ ခင်ဗျားသိလား"

ရယ်ဂျီနာပြုံးမိ၏။

"လေကြောင်းကုမ္ပဏီတစ်ခုမှ မဟုတ်ရင် ကျွန်မမပြောတတ်ပါဘူး"

"အဲဒါ ဗဟိုထောက်လှမ်းရေးအဖွဲ့ပဲ မစ္စစ်လန်းဘတ်"

"ရှင်ဆိုလိုတာ သူလျှိုတွေကိုပြောတာလား"

မျက်လုံးပြူး မျက်ဆံပြူးမေးမိ၏။

"ကျွန်တော်တို့ က ထောက်လှမ်းရေး သမားတွေလို့ ခေါ်ပါတယ်။ ဒီဥရောပတိုက်မှာ ရှိသမျှ ကျွန်တော်တို့ ရဲ့ အတော်ဆုံး အလျင်ဆုံး ထောက်လှမ်းရေး သမားတွေထဲမှာ ခင်ဗျား ယောကျ်ားဟာ တစ်ယောက်အပါအဝင်ပေါ့"

"ရယ်ဂျီနာ နားတွေ အူသွားပြန်သည် "

"ဟင် . . . မဖြစ်နိုင်တာ . . . "

ဘာသလိုမြူး ဘာမျှမပြော

"ချားလ်သေ . . ."

"ဟုတ်ပါတယ်"

ရယ်ဂျီနာ သူ့ရှေ့လူကို စေ့စေ့ကြည့်သည် ။

"ရှင် နောက်နေတာမဟုတ်လား"

နံရံပေါ်မှ သမ္မတကြီး ရုစဗဲ့ကို မော့်ကြည့်သည် ။ သမ္မတကြီးက နောက်မနေ။ ထိုနည်းတူစွာ ဘာသလိုမြူးလည်း နောက်နေတာမဟုတ်။

"ဒါပေမဲ့ ချားလ်ဟာ ဆွစ်လူမျိုးပဲရှင့်"ဟု ဇွတ်ပြောသည် ။

"သူ့ကို ဆွစ်ဇာလန်မှာ မွေးခဲ့တယ်။ ၁၉၄၂ ခုနှစ်မှာ သူ အမေရိကကို ရောက် လာပြီး အမေရိကန်နိုင်ငံသားအဖြစ် ခံယူခဲ့တယ်"

ရယ်ဂျီနာ သူ့လက်သည်းမှ လက်သည်းနီကိုခွာ၍ နေမိ၏။ နားမလည်။ ဘာမျှ နားမလည်နိုင်တော့။

"သူဘာဖြစ်လို့ ကျွန်မကို ပြောမပြခဲ့တာလဲ"

"ပြောပြလို့ မဖြစ်ဘူးလေ။ သူ့ကိုပြောပြခွင့်မပေးခဲ့ဘူး။ ခင်ဗျားရောသူပါ အန္တရာယ်ကင်းရေး အတွက်ပေါ့။ ခင်ဗျားကို သူ့နာမည်အရင်းတောင် ပြောပြခွင့် မပြုခဲ့ဘူး"

"သူ့နာမည်ရင်း ဟုတ်လား။ သူ့နာမည်က ဘယ်သူတဲ့ လဲ"

"ဗော့စ် ချားလ်ဗော့စ်"

"ဗော့စ်"

ဂရန်းပီယာ၏ ရုံးခန်းထဲတွင် တွေ့ခဲ့ရသည့် နိုင်ငံကူးလက်မှတ်လေးအုပ်အနက် တစ်အုပ်တွင် ပါသည့် နာမည်မှန်း မှတ်မိသည် ။ သို့သော် ဘယ်စာအုပ်မှန်းမသိတော့။

ဘာသလိုမြူး လက်ပတ်နာရီကိုကြည့်ပြန်သည် ။

"စိတ်မရှိနဲ့ နော်။ ကျွန်တော် နှစ်နာရီခွဲမှာ ချိန်းထားတဲ့ ကိစ္စတစ်ခုရှိသေးတယ်ဗျ။ ခုထိလည်း ဘာမှ မစားရသေးတော့ ဗိုက်က တကြုတ်ကြုတ်မြည်နေပြီ။ ခင်ဗျားရော"

"ကျွန်မတော့ သိပ်စားနိုင်မယ်မထင်ပါဘူး"

"ခင်ဗျား တစ်ခုခုစားပေါ့ဗျာ။ ခင်ဗျားအားရှိဖို့ လိုသေးတယ်လေ"

ရယ်ဂျီနာ ဘာမျှပြန်မမေးနိုင်မီ သူက စကားဆက်ပြောသည် ။

" ကျွန်တော်တို့ ရွေးစရာနှစ်ခုရှိတယ်ဗျာ။ ဒီသံရုံးထဲမှာ ရှိတဲ့ စားသောက်ဆိုင်ရယ်၊ ဗြိတိသျှ သံရုံးနားက စားသောက်ဆိုင်လေးရယ်"

"ဘယ်နေရာဖြစ်ဖြစ် အရေးမကြီးပါဘူး"

"ခင်ဗျား သံရုံးသက်သာဆိုင်မှာ စားဖူးလား"

ရယ်ဂျီနာ ခေါင်းခါပြသည် ။

"ဒါကြောင့် အရေးမကြီးပါဘူးလို့ ခင်ဗျားပြောတာ။ အမေရိကန်ကို ရုပ်ဆိုးတာ ကြားဖူးတယ် မဟုတ်လား။ အဲဒါ ကျွန်တော်တို့ သက်သာဆိုင်ကအစားအသောက်ကို ကိုယ်စားပြုတဲ့ နာမည်ပဲဗျ"

လမ်းထိပ်ရှိ လမ်းဘေးစားသောက်ဆိုင်လေးဆီသို့ လျှောက်သွားခိုက် ဟန်မီလ်တန်ဘာသလို မြူးကို လေ့လာအကဲခတ်ခွင့်ရသည် ။ ရယ်ဂျီနာက ပထမဆုံးအမြင်အတွေ့ကို

သရုပ်မှန်ဟု မှတ်ယူနေကျ။ လွန်ခဲ့သည့် ခုနစ်လက သည် လိုမှတ်ယူခဲ့လို့ လည်း ယခုပြဿနာပေါ်နေပြီ။

သည် လူ သရုပ်သကန်ကို အသင့်လျော်ဆုံး စကားလုံးဖြင့် ဖော်ပြရလျှင် "လူမော"ပုံ ပေါက်နေ သည် ဆိုရမည်။ လူကပိန်ပိန်။ ရှိသင့်သောအလေးချိန်မရှိ။ အသားအရေဖြူရော်ရော်။ သွေးကင်ဆာ ရောဂါရှင်၏ အသားအရေမျိုး။ မတ်မတ်ရပ်လိုက်လျှင် အရပ်သည် ခြောက်ပေကျော်မည်။ သို့သော် သူ့ ပုံခုံးနှစ်ဖက်က ရှေ့သို့အမြဲကိုင်းနေသည် ။ ကိုယ့်ဦးခေါင်းကိုယ်သယ်ရတာ လေးလံဝန်ပိနေသလို။ ငွေ ကိုင်းမျက်မှန်နောက်မှ အညိုရောင် မျက်လုံးများမှာ မျက်တောင်ခတ်ခဲသည် ။ ရှည်ချွန်သော နှာခေါင်း၏ နှာသီးများမှာ စကားပြောလိုက်လျှင် ပွပွလာသည် ။ ဖြူရော်စ ဆံပင်များ သည် ဟိုနေရာတစ်ကွက် သည် နေရာတစ်ကွက်။ ပါးလျားနေပြီ။ သူ့ကြည့်ရတာ အသက်ခြောက်ဆယ်ကျော်ထင်ရ၏။ သို့သော် သေသေချာချာကြည့်မှ မျက်နှာတွင် အရေးအကြောင်းမထင်သေးကြောင်း၊ အသားအရေ တင်းတင်းရင်းရင်းရှိသေးကြောင်း တွေ့ရ၏။ စင်စစ် သူသည် ထင်မြင်ရသည် ထက် အနှစ်နှစ်ဆယ်လောက် ပိုငယ်နေသည် ။ သူ့ပုံစံက သူလျှိုတစ်ယောက်၊ အဲ ထောက်လှမ်းရေးသမားတစ်ယောက်ထက် ပညာတတ် စာကြမ်းပိုးတစ်ယောက်နှင့် ပိုတူသည် ။ သည် အချက် တစ်ချက်တည်းကပင် သူ့ကို အောင်မြင်သော ထောက်လှမ်းရေးသမားတစ်ဦးဖြစ်စေမည်မှချ။ သည် လူ လူစွမ်းကောင်းတစ်ယောက်ဖြစ်မှာသေချာသည် ဟု ရယ်ဂျီနာ ကောက်ချက်ချသည် ။ သည် လူ့ဘဝအကြောင်းများ ရုပ်ရှင်ရိုက်လျှင်

သူ့နေရာတွင် “ကယ်ရီဂရန့်”၊ ဒါမှ မဟုတ် “ဝီလျံ” “ဟိုလ်ဒင်”ကို သရုပ်ဆောင်ခိုင်းမှ ကောင်းမည်ဟု ရယ်ဂျီနာ အတွေးကွြယ်မိသည် ။

“ပြင်သစ်ရဲတွေ ခင်ဗျားကို အနှောင့်အယှက်ပေးနေသေးလား”

ဘာသလိုမြူးက သူကောင်းကောင်း ကျွမ်းဝင်ရင်းနှီးနေဟန်ရှိသည့် စားသောက်ဆိုင်ထဲတွင် ထိုင်မိသည် နှင့် မေး၏။

ရယ်ဂျီနာက ရဲမှူးကြီး ဂရန်းပီယာအကြောင်း ပြန်ပြောဖြစ်သည် ။

“ဒီ ကိစ္စ မှာ ကျွန်မ တစ်နည်းနည်းနဲ့ ပတ်သက်နေတယ်လို့ သူထင်နေတာ ကျွန်မသိပါတယ်”

“ဂရန်းပီယာအတွက် မစိုးရိမ်နဲ့ ။ သူလည်း သူ့တာဝန်သူကိုး။ ဒါပေမဲ့ ဒီလူ ခပ်တုံးတုံးတော့ မဟုတ်ဘူး ။ ကျွန်တော်တို့ အနေနဲ့ လည်း သူတို့ ကိစ္စကို ဝင်စွက်လို့ မရဘူးဗျ။ ခုလောလောဆယ်ကာလ မှာ ဆိုပါစို့ဗျာ။ ဒါပေမဲ့ ခင်ဗျားယုံကြည်ထားစေချင်တာ ခင်ဗျားကို အမေရိကန်ပြည်ထောင်စုက အကာအကွယ်ပေးနိုင်တဲ့ အခွင့်အရေးရှိသလောက် အစွမ်းကုန် အကာအကွယ်ပေးမယ်ဆိုတာပါပဲ”

အမေရိကန်ပြည်ထောင်စုအကြောင်း ရယ်ဂျီနာ စဉ်းစားကြည့်၏။ ဝေးလွန်း ကွာလွန်းသည့် အရပ်ဒေသတစ်ခု။ ဝေးလွန်း ကွာလွန်းသဖြင့် ချားလ်ကိုပင် အကာအကွယ်မှ မပေးနိုင်ခဲ့ပဲ။

ဘာသလိုမြူးက ဝိုင်ခွက်အလွတ်ကို လက်ထဲတွင် လှည့်ပတ်ကစားရင်း ဖြည်းလေးစွာပြောသည် ။

“ခင်ဗျားရဲ့ အကူအညီပေးမှုအတွက် ခင်ဗျားရဲ့ အစိုးရက အရမ်းကျေးဇူးတင်မှာ ပါ”

ရယ်ဂျီနာ သူ့ကို တအံ့တသြကြည့်လိုက်၏။

"ကျွန်မရဲ့ အကူအညီ ဟုတ်လား၊ ကျွန်မက ဘာလုပ်နိုင်မှာ မို့လဲ"

"လုပ်နိုင်တာ နှစ်မျိုးရှိတယ်။ ပထမတစ်မျိုးက ကျွန်တော်မေးမယ့် မေးခွန်းလေးတွေဖြေပါ"

"ဒုတိယ တစ်မျိုးကရော"

"လောလောဆယ်အားဖြင့် ပထမတစ်မျိုးပဲ အရင်ရှင်းကြရအောင်"

သူ့အသံဆတ်သွားသဖြင့် သူ့ဘာသာသူ အံ့အားသင့်သွားသည် ။ သို့ဖြင့် သူက ပျော့ပျောင်းမှု ရသွားအောင် ပြုံးလိုက်ရသည် ။

"ချားလ်ဘယ်လို အလုပ်မျိုးလုပ်နေတယ်ဆိုတာတော့ ကျွန်တော်တို့ သိပြီးကြပြီနော် ဟုတ်လား။ ဒါပေမဲ့ သူ ဘယ်လောက်အထိ ခြေလှမ်းလှမ်းပြီးပြီဆိုတာတော့ ကျွန်တော်တို့ တိတိ ကျကျ မသိရသေးဘူးဗျ"

"ကျွန်မ ဘယ်လိုကူညီနိုင်မလဲဆိုတာ ခုထိစဉ်းစားလို့ မရသေးဘူးရှင့်။ ဘာဖြစ်လို့ ဆို ကျွန်မ တစ်ခါမှ သူ့အကြောင်း . . ."

"ရပါတယ်။ ဒါပေမဲ့ ဘာမဟုတ်တဲ့ အသေးအဖွဲကိစ္စလေးတစ်ခုကလည်း ကျွန်တော်တို့ အတွက် အဖိုးထိုက်အဖိုးတန် သတင်းတစ်ခုဖြစ်နေတတ်တယ်ဗျ"

စကားရပ်ပြီး စီးကရက်တစ်လိပ် ထုတ်ယူမီးညှိသည် ။

"ခင်ဗျား ခေါင်းအေးအေးထားပြီး သေသေချာချာစဉ်းစားစေချင်တယ်။ ချားလ်ဟာ သူမသေမီ တစ်ပတ်အတွင်း ထရူးဗေးလ်မှာ ရောက်နေတဲ့ ခင်ဗျားကို

လှမ်းဆက်သွယ်ခဲ့သေးလား”

“ဟင့်အင်း”

“သေချာတယ်နော်”

“ဟုတ်ကဲ့”ထို့နောက်မှ သတိရသွားကာ “နေဦး၊ သူ ကျွန်မဆီ စာတစ်စောင်တော့ ရေးခဲ့တယ် ရှင့်။ ဒါပေမဲ့ ပို့တဲ့ဆီမရောက်ခဲ့ဘူးလေ။ အဲဒီစာကို ရထားပေါ်က သူ့အခန်းထဲမှာ ရဲတွေက တွေ့ခဲ့တယ်ရှင့်”ဟု ရှင်းပြလိုက်သည် ။

“စာတစ်စောင်”

သူ့မျက်လုံး ဝင်းလက်သွားသည် ။

“အဲဒီစာ ယူလာခဲ့တယ်မဟုတ်လား”

“ယူလာတာပေါ့”

စိတ်တိုတိုဖြင့် ပြောမိ၏။ သည် စာအိတ်ကို လက်ကိုင်အိတ်ထဲ အလွယ်တကူ ထိုးထည့်ခြင်းမှာ စာအိတ်ပေါ်မှ တံဆိပ်ခေါင်းလေးကိုတော့ယွန်းလူဝီကိုပေးဖို့ သာဖြစ်ကြောင်း တော့ရှင်းပြမနေတော့။ သူက လက်ကိုင်အိတ်ထဲမှ စာအိတ်ကိုယူပြီး စားပွဲပေါ်မှ ကျော်ပေးလိုက်၏။

ဘာသလိုမြူး စာကိုစေ့စေ့စပ်စပ်ဖတ်သည် ။ စာရွက်နှစ်ရွက်စလုံးကို စစ်ဆေးကြည့်သည် ။ သူက စာကိုပြန်ပေးရင်း

“ဒီစာကတော့ သိပ်အထောက်အကူမရဘူးဗျ”

စားပွဲထိုးရောက် လာပြီး မှာ ထားသော အစားအစာများ လာပို့သည် ။ ဘာသလိုမြူးက သူ၏ ငါးကင်ကို စတင်စားသောက်၏။ ခဏနေတော့

အစားရပ်ပြီး

"ခင်ဗျားကို ကျွန်တော်ပြစရာတစ်ခုရှိတယ်"

ပါးစပ်ထဲမှ ငါးရိုးကို လက်ဖြင့်ယူပစ်သည် ။ ပြီးတော့ သူ့ကုလားထိုင်နံဘေးတွင် ထောင်ထားသည့် လက်ဆွဲသေတ္တာပြားလေးထဲမှ ဓာတ်ပုံတစ်ပုံထုတ်ယူကာ ရယ်ဂျီနာမတို့ မထိရသေးသော ကညွတ်ဟင်းပန်းကန်နားသို့ တွန်းပို့လိုက်၏။

"အဲဒီပုံကို သေသေချာချာကြည့်ပါ။ အချိန်ယူပြီး ကြည့်နော်။ တော်တော်ကြီးကို အရေးကြီးလို့ ပါ။ အဲဒီအထဲကလူတွေကို ခင်ဗျားသိလား။ မြင်ဖူးလားဆိုတာ ကျွန်တော့်ကို ပြောပြစေချင်တယ်"

ရှစ်လက်မ၊ ဆယ်လက်မအရွယ် ဓာတ်ပုံကို ရယ်ဂျီနာကြည့်၏။ စစ်တပ်ယူနီဖောင်းဝတ် လူလေးယောက် စုထိုင်နေသည့် ပုံ။ စားပွဲတစ်ဖက်တည်းတွင် ထိုင်ပြီး ကင်မရာကို မျက်နှာမူထားကြသည် ။

"ဟင် ဒါ ချားလ်ပဲ"

ပထမဆုံးစစ်သားကို လက်ညှိုးထိုးပြီး ရယ်ဂျီနာပြောသည် ။

"ဟုတ်တယ်"

"ဒါပေမဲ့ ဒီအထဲမှာ အရမ်းငယ်နေတယ်နော်။ ဒါ ဘယ်တုန်းကရိုက်ထားတဲ့ ပုံလဲ"

"လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ကလေ။ ကဲ . . . နောက်သုံးယောက်ကို သေသေချာချာကြည့်ပါဦး။ မှန်ဘီလူးလိုမလား"

လက်ဆွဲသေတ္တာထဲမှ မှန်ဘီလူးတစ်လက် ထုတ်ပေးသည် ။ ရယ်ဂျီနာ မှန်ဘီလူးကိုယူပြီး ဒုတိယလူကိုကြည့်၏။

"ဟာ . . . ဒီလူပဲ သေချာတယ်။ မနေ့က အသုဘကိုလာသွားတယ်။ ကော်ဂျူရှိုင်းဝတ်စုံနဲ့ လူပေ့ါ။ အရက်လည်း မူးနေတယ်။"

"သူစကားပြောတဲ့ လေသံက တောင်ပိုင်းသားလေသံနဲ့ လား"

"မပြောတတ်ဘူး။ သူ ကျွန်မကို စကားတစ်ခွန်းမှ ပြောမသွားဘူးရှင့်"

"ပင့်ဟောလိုးဆိုတဲ့ နာမည် ခင်ဗျားကြားဖူးလား၊ ဂျိုးဇက်ပင့်ဟောလိုးလေ"

"ဟင့်အင်း"

"ချစ်စနိုးနာမည် တက်စ်ဆိုတာရော"

ခေါင်းခါပြလိုက်သည် ။

"ဒါဆို နောက်တစ်ယောက်ကြည့်ပါဦး"

မှန်ဘီလူးကို တတိယလူပေါ်သို့ ရွှေ့လိုက်၏။

"သူလည်း မနေ့ကလာတာပဲ"

ဂင်တိုတို၊ ထိပ်ပြောင်ပြောင်၊ ဂနာမငြိမ်ဘဲ ပိုသီပတ်သီနှင့် လူ။

"ခုတော့ ပိုဝလာတယ်"

"သူ့ကိုသိလား"

"တစ်ခါမှ မမြင်ဖူးဘူး"

"သူ့နာမည်က ဂစ်ဒီယွန်။ လီယိုပိုဂစ်ဒီယွန်။ ခင်ဗျားယောကျ်ား အဲဒီနာမည်ကို ပြောတာများ မကြားဖူးဘူးလား"

"ဟင့်အင်း"

“နောက်တစ်ယောက်ကို ကြည့်ပါဦး”

ရယ်ဂျီနာ စတုတ္ထမြောက်စစ်သားကို ကြည့်သည် ။

“ဒီမျက်နှာကတော့ တစ်ခါမြင်ဖူးရင် လွယ်လွယ်မေ့လို့ မရတဲ့ မျက်နှာပဲ။ ရောမလူဝကြီးလေ။ မိုးကာအင်္ကျီအိတ်ထဲ လက်နှစ်ဖက်နှိုက်လို့ ။ သူလည်း လာတာပဲ”

“ဟာမန်စကိုဘီတဲ့ ။ သူ့ကိုလည်း မသိဘူးပေါ့”

“ဟင့်အင်း”

ဘာသလိုမြူး မျက်လုံးအစုံကို တော်တော်ကြာမှိတ်ထားသည် ။

“ဒါဆို သူတို့ ဒီမှာ ပေါ့။ အားလုံး ဒီကိုရောက်နေကြပြီပေါ့။ မျက်စိမဖွင့်ဘဲ တိုးတိတ်စွာရေရွတ်သည် ။”

“နောက်ထပ်လူတစ်ယောက်လည်း ရောက်လာသေးတယ်ရှင့်”

ဘာသလိုမြူး၏ မျက်လုံးများ ကျွတ်ထွက်မတတ် ပြူးကျယ်သွားသည် ။

“ဘယ်သူလဲ။ နာမည်က ဘယ်သူတဲ့ လဲ”

“မသိဘူး။ ကျွန်မကိုတော့ စကားလာပြောတယ်။ ဒါပေမဲ့ သူ့ကိုယ်သူ မိတ်ဆက်မသွားဘူး”

“သူ ဘာပြောသွားလဲ”

ဘာသလိုမြူး ရှေ့သို့ခါးကိုင်းထားသည် ။ ရယ်ဂျီနာအဖြေကို စိတ်စောစွာ ငံ့လင့်နေသည် ။

“ဘာမှ ဟုတ်တိပတ်တိ ပြောမသွားပါဘူး။ အကူအညီလိုရင်ပြောပါဆိုတာလောက်ပဲ ပြောသွားတာပါ”

ဘာသလိုမြူး သိသိသာသာကြီး စိတ်ရှုပ်သွားသည် ။ စားလက်စ ပန်းကန်ကို ဘေးသို့တွန်းပစ်သည် ။ သူထုတ်ပြသည့် ဓာတ်ပုံကိုယူပြီး ငေးကြည့်နေ၏။

"နောက်လူတစ်ယောက်"

တစ်ကိုယ်တည်း ပလုံးပထွေး ရေရွတ်၏။ နောက်ဆုံး ရယ်ဂျီနာကိုမော့ကြည့်ကာ

"အဲဒီလူကို ကျွန်တော်သိပ်စိတ်ဝင်စားပါတယ် မစ္စစ် . . . အဲ. ..ဗော့စ်။ တကယ်လို့ များ သူနဲ့ ထပ်တွေ့ရင် ဒါမှ မဟုတ် သူ့ဆီက သတင်းတစ်ခုခုကြားရင် ကျွန်တော့်ကို တယ်လီဖုန်းဆက်စေချင်တယ်။ နားလည်ပါတယ်နော်"

"တကယ်တော့ နားမလည်ဘူးရှင့်။ ဒါပေမဲ့ အကြောင်းကြားပါ့မယ်လေ"

"တိတိကျကျပြောရရင် အဲဒီလူလေးယောက်ထဲက ဘယ်သူပဲဖြစ်ဖြစ် ခင်ဗျားကို လာပြီးဆက်သွယ်ရင် ကျွန်တော့်ကို ချက်ချင်းအကြောင်းကြားစေချင်တယ်"

"သူ့ကို တကယ်ပဲ လာပြီး ဆက်သွယ်မယ်လို့ ရှင်ထင်လို့ လား"

ရယ်ဂျီနာ စိတ်လှုပ်ရှားစွာမေးသည် ။

"ဟုတ်ကဲ့"

"ဘာဖြစ်လို့ လဲ"

သူခဏစဉ်းစားနေ၏။

"လောလောဆယ်တော့ ပြောမပြနိုင်သေးဘူးဗျာ"

“မစ္စတာ ဘာသလိုမြူး၊ စောစောက ရှင်းပြသွားတဲ့ အထဲမှာ ရှင့်အတွက် ကျွန်မကူညီနိုင်တာ နှစ်ခုရှိတယ်လို့ ပါတယ်။ ဒီတော့ ဒုတိယတစ်မျိုးက ဘာလဲဆိုတာ ပြောပြနိုင်မလား”

“ဒီတစ်ခုကို ကျွန်တော်တို့ ကတော့ အရမ်းဖြစ်စေချင်တယ်။ ဒါပေမဲ့ ခင်ဗျားကို အတင်းအကျပ် ခိုင်းလို့ မရပါဘူး။ ဒီတော့ ဒုတိယတစ်မျိုးဟာ ခင်ဗျားရဲ့ ဆုံးဖြတ်ချက်ပေါ်မှာ ပဲ အဓိကတည်နေတယ်ဆိုတာ ရှင်းရှင်းလင်းလင်း သိထားစေချင်တယ်”

“ရှင်ပြောနေတာ ကျွန်မသဘောမပေါက်သေးဘူး။ ဘာဆုံးဖြတ်ချက်များ လဲရှင်”

“ကျွန်တော်တို့ အတွက် အလုပ်လုပ်ပေးဖို့ ”

သူက ရိုးရိုးလေးပဲပြောသည် ။

“ရှင် ရူးသွားပြီလား”

“အဲဒီလူတွေ ဘာတွေကြံစည်နေတယ်ဆိုတာ ကျွန်တော်တို့ သိရမှ ဖြစ်မယ်လေ။ သူတို့ လှမ်းသမျှ ခြေလှမ်းတိုင်းကို သိထားရမယ်။ အဲဒါကို ဖော်ထုတ်နိုင်တဲ့ အနေအထားမျိုး ခင်ဗျားမှာ ရှိနေတယ်။ ဖော်ထုတ်နိုင်မယ့်သူဟာ ခင်ဗျားတစ်ယောက်ထဲရှိတယ်”

“ကျွန်မ ခုသိထားရတာထက် အများကြီးပိုသိရဖို့ လိုသေးတယ်လေ”

“ခင်ဗျားသိမထားရင် ပိုပြီးအန္တရာယ်ကင်းတာပေါ့”

“ဒါပေမဲ့ ဘာတွေဖြစ်နေမှန်း မသိဘဲနဲ့ တော့ ဒီပြဿနာထဲ ကျွန်မ ဝင်မပါချင်ဘူး။ ဝင်ပါဖို့ ရှင် ပြောနေတာပဲလွန်လှပြီ”

“ခက်တာက ခင်ဗျားဝင်ပါပြီးသားဖြစ်နေပြီ မစ္စစ်ဖော့စ်”

"ကျွန်မကို အဲဒီနာမည်ကြီး မခေါ်စမ်းပါနဲ့ ရှင်။ ကျွန်မတို့ လက်ထပ်စာချုပ်မှာ ပါတဲ့ နာမည်က လန်းဘတ်ရှင့်"

"ခင်ဗျား သဘောပါပဲလေ"

"ကျွန်မ ဝင်ပါပြီးသားဖြစ်နေပြီဆိုတာက ဘာအဓိပ္ပာယ်လဲ။ ဘယ်အထဲမှာ ဝင်ပါပြီးသား ဖြစ်နေတာလဲ"

ရယ်ဂျီနာ စိတ်ဆိုးနေပြီ။

"ခင်ဗျားက ချားလ်ရဲ့ ဇနီး။ ခု ချားလ်ဆုံးသွားပြီဆိုတော့ သူတို့ အာရုံစိုက်စရာ ခင်ဗျားပဲရှိတော့တယ်။ သူတို့ မလွဲမသွေ ခင်ဗျားဆီ ရောက်လာကြလိမ့်မယ်"

"ချားလ်ကို သူတို့ သတ်လိုက်တယ်လို့ တော့ မထင်ဘူးလား"

"ကျွန်တော် အဲဒီလိုမပြောမိပါဘူး"

"ဒါဆို သူတို့ ကျွန်မကို မီးရထားပေါ်က ပစ်ချမယ့်အရေးကို ဘာတားဆီးနေစရာလိုလဲ"

"ခင်ဗျားမှာ အန္တရာယ်မရှိဘူးဆိုတာ ကျွန်တော်အာမခံနိုင်ပါတယ်။ လောလောဆယ်ကာလမှာ ပေါ့လေ"

"ချားလ်ကိုလည်း ရှင်ဒီလိုပဲပြောခဲ့တာပဲလား"

"ချားလ်က ဘယ်လိုအကြောင်းကြောင့် ပဲ အသတ်ခံရခံရ၊ သူအသတ်ခံရတာဟာ ကျွန်တော်တို့ အတွက် အလုပ်လုပ်ပေးနေတယ်ဆိုတာ သူသိသွားလို့ မဟုတ်ပါဘူး"

"အဓိပ္ပာယ်က"

"အဓိပ္ပာယ်က သူတို့ ခင်ဗျားကို အန္တရာယ်ပြုဖို့

ဆုံးဖြတ်လိုက်ကြတယ်ဆိုရင် ခင်ဗျား ကျွန်တော်တို့ အတွက် အလုပ်လုပ်နေသည် ဖြစ်စေ၊ မလုပ်ပေးသည် ဖြစ်စေ အန္တရာယ်ပြုမှာပဲ။ အဲဒါတော့ ယုံယုံ ကြည်ကြည် စွဲမှတ်ထားပါ”

ထို့နောက် သူ့လေသံပြောင်းသွားသည် ။

“ဘာပဲဖြစ်ဖြစ်လေ ကျွန်တော်တို့ အနေနဲ့ ခင်ဗျားကို နှစ်ဆယ့်လေးနာရီပတ်လုံး စောင့်ကြပ်ပေးနေရမယ့် အနေအထားရှိပါတယ်”

“ရှင်ပေးတဲ့ အလုပ်ကို မလုပ်ဘူး ဆိုရင်တော့ စောင့်ကြပ်ပေးဖို့ စိတ်မကူးဘူး ဆိုပါတော့”

သူပြုံး၏။ အောင်နိုင်သူ၏ အပြုံးမျိုး။

“ပါရီမှာ ရှိနေတဲ့ အမေရိကန်လူမျိုးတိုင်းကိုတော့လည်း ကျွန်တော်တို့ ဘယ်လိုလုပ် စောင့်ကြပ်ပေးနိုင်ပါ့မလဲဗျာ”

သြော် . . . . လက်စသတ်တော့ သည် လိုကိုးဟု ရယ်ဂျီနာတွေး၏။ ခြိမ်းခြောက် အကျပ်ကိုင်သည် ဆိုတာက လွန်လှပြီ။ သို့သော် ခုဟာက ပိုဆိုးသည် ။ ခြိမ်းခြောက်တာရော၊ အကျပ်ကိုင်တာ ရော၊ ချော့တာရော၊ မက်လုံးပေးတာရော စုံလို့ ပါကလား

“ကျွန်မစဉ်းစားဖို့ အချိန်နည်းနည်းရမလား”

“ရပါတယ်။ ဒါပေမဲ့ ကျွန်တော် ကြိုတင်သတိပေးထားပါရစေ။ ဘာတွေဖြစ်နေတယ်ဆိုတာ ကျွန်တော်တို့ မြန်မြန်သိရလေ ပြဿနာတစ်ခုလုံးကို အချိန်မီထိန်းသိမ်းဖို့ အခွင့်အရေးရလေဆိုတာ ပါပဲ”

အင်္ကျီအတွင်းအိတ်ထဲမှ မှတ်စုစာအုပ်လေး တစ်အုပ်ထုတ်ယူပြီး

စာရွက်လွတ်တစ်ရွက် ဆုတ်ယူသည် ။ ထို့နောက် ဘော့ပင်ထုတ်ပြီး စာရွက်ပေါ်တွင် တစ်စုံတစ်ရာရေးသည် ။ ပြီးတော့ စာရွက်ကို ရယ်ဂျီနာထံ လှမ်းပေးသည် ။

"ကျွန်တော့်ဆီဆက်လို့ ရတဲ့ တယ်လီဖုန်းနံပတ်။ ပျောက်မသွားစေနဲ့ "

"ကျွန်မ သံရုံးက ရုံးခန်းကို ခေါ်လို့ မရဘူးလား"

"ဒီနံပါတ်လည်း သံရုံးနံပါတ်ပဲ။ ဒီလိုင်းက ကျွန်တော့်ရုံးခန်းကိုရော အိမ်ကိုပါဆက်လို့ ရတဲ့ သီးခြားလိုင်းခွဲဗျ။ တစ်ခါတလေကျ ကိုယ်တစ်ယောက်တည်း လွတ်လွတ်လပ်လပ်မရှိတဲ့ အခါမျိုး တွေရှိတတ်တယ်လေ။ ခင်ဗျား အော်ပရေတာကနေတစ်ဆင့်ဆက်မယ်ဆို ကျွန်တော့်ကို နာမည်တပ်ပြီး တောင်းရမယ်ဟုတ်လား။ အခုလိုတိုက်ရိုက်လိုင်းနဲ့ ဆက်တော့ ပိုပြီးစိတ်ချရတာပေါ့"

ရယ်ဂျီနာ ဖုန်းနံပါတ်ပါသည့် စာရွက် လက်ကိုင်အိတ်ထဲထည့်နေသည် ကို ဘာသလိုမြူး သေသေချာကြည့်နေ၏။

"နောက်တစ်ချက်က ကျွန်တော့်ဆီက ညွှန်ကြားချက်မရဘဲ ဘယ်လိုနည်းနဲ့ မှ သံရုံးကိုမလာပါ နဲ့ ။ ခင်ဗျားနောက်မှာ သူတို့ ဘက်က အမြဲတမ်း နောက်ယောင်ခံပြီး လိုက်ချင်လိုက်နေမှာ ။ ဒါပေမဲ့ ခင်ဗျား ဘယ်တော့မှ လှည့်မကြည့်ပါနဲ့ ။ သူတို့လိုက်နေတာသိကြောင်းလည်း မပြပါနဲ့ ။ ဘာမှ မဖြစ်သလို နေ့စဉ်လုပ်နေကျအတိုင်း လုပ်ပါ၊ သွားပါ"

ဘာမှျမဖြစ်သလိုနေရမယ်ဆိုပါလား။ ရယ်ဂျီနာ

ဟားတိုက်ရယ်မောပစ်လိုက်ချင်၏။ နှစ်ဖက်စလုံးမှ လူတွေက မိမိနောက် တကောက်ကောက်လိုက်နေသည် ကို မိမိက ခရီးသွားအေဂျင်စီမှ လမ်းပြဖော်တွေလို သဘောထားရမတဲ့ လား

“ဪ . . .ကျွန်တော်ပြောဖို့ မေ့နေတာ တစ်ခုရှိသေးတယ်ဗျ”

ဘာသလိုမြူး ကောက်ကာငင်ကာပြော၏။ သူက အသံကိုနှိမ့်ကာ

“ဒီပြဿနာထဲမှာ ငွေကြေးကိစ္စလည်း ပါနေတယ်။ ပမာဏအားဖြင့် ဒေါ်လာလေးသိန်းလောက် ခြေရာပျောက်နေတယ်”

“ရှင် ကျွန်မကို ငွေကြေးပမာဏတွေ ပြောပြနေဖို့ မလိုပါဘူး။ မစ္စတာ ဘာသလိုမြူး။ ဒီအကြောင်း ကျွန်မကောင်းကောင်း သိထားပါတယ်”

သူပြုံး၏။

“ဒါပေမဲ့ အဲဒီငွေတွေကို အစိုးရက ပိုင်တယ်ဆိုတာတော့ ခင်ဗျားမသိဘူး မဟုတ်လား”

“အင်း။ ကျွန်မမှန်းကြည့်ပြီး သိသင့်တာပေါ့”

“တကယ်တော့ ဒီငွေပမာဏလောက်ဟာ ဒီပြဿနာမှာ အဓိကပဓာနထားရမယ့်ကိစ္စ မဟုတ်ဘူး ဆိုတာ ပြောဖို့ မလိုပါဘူး။ ဒါပေမဲ့ ပြန်ရရင်လည်း ကျွန်တော်တို့ ဌာနအနေနဲ့ ကောင်းတာပေါ့။ ကျွန်တော်တို့ အနေနဲ့ သုံးစွဲခွင့်ရတဲ့ လျာထားငွေကို ကျွန်တော်တို့ ကြွားနေဖို့ မလိုပါဘူး။ ငွေကြေးကိစ္စထည့် ပြောရတာက လောလောဆယ်အခြေမှာ ခင်ဗျား ငွေကြေးအကျပ်အတည်း တွေ့နေမှာ ပဲဆိုတာ သတိရလို့ ပါ။ ဒီငွေတွေပြန်ရဖို့ ခိုင်လုံတဲ့ သတင်းကို ခင်ဗျားပေးနိုင်ရင် ခင်ဗျားလည်း ဆုငွေအဖြစ် တစ်စိတ်တစ်ပိုင်း

ခံစားခွင့်ရမှာ ပါ”

သူက ကျသင့်ငွေ ရှင်းဖို့ လက်ဖျောက်တီးပြီး စားပွဲထိုးကို ခေါ်သည် ။

ရယ်ဂျီနာက မှန်ဘူးလေးထုတ်ပြီး မှန်ကြည့်နေသည် ။

“ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ရှင့်ကို တစ်နည်းတစ်ဖုံ ကျေးဇူးတင်ရမှာ ပဲ မစ္စတာဘာသလို မြူး”

“ဩော်၊ ဟုတ်လား။ ဘယ်လိုကြောင့် ပါလိမ့်”

ရယ်ဂျီနာ ရှက်ကိုးရှက်ကန်းပြုံးသည် ။

“ကျွန်မက ချားလ် တခြားမိန်းကလေးတစ်ယောက်နဲ့ ထွက်ပြေးသွားတာလို့ သေချာပေါက် တွက်ဆထားတာရှင့်”

သူ ခေါင်းယမ်းသည် ။

“ မဟုတ်ဘူး ။ တခြားမိန်းမတစ်ယောက် မရှိပါဘူး”

ရယ်ဂျီနာ့အပြုံး ပျောက်ကွယ်သွား၏။

“သူ့ကို ဘယ်သူသတ်တယ်ဆိုတာ ရှင်သိထားတယ်မဟုတ်လား”

ဘာသလိုမြူး ခဏမျှနှုတ်ဆိတ်နေ၏။

“မနေ့က အသုဘအခမ်းအနားမှာ ခင်ဗျားကို လာစကားပြောတဲ့ လူကို ကျွန်တော်တို့ အရမ်း စိတ်ဝင်စားနေပါတယ် မစ္စစ် . . . အဲ . . . လန်းဘတ်”

* * *